# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နှောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် အင်္ဂါနေ့။ Tuesday, 26 May 2026 ၁၂၁၉၀


"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

- ❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

# ဒုတိယသမ္မတ ဦးညိုစော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ကြိုတင်ပြင်ဆင်မှုများ ကဏ္ဍအလိုက်ဆောင်ရွက်

နေပြည်တော် မေ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



ဒုတိယသမ္မတ ဦးညိုစော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ယနေ့ ဖတ်စရာ


ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့စေရေးနှင့် ယွမ်ငွေကြေးအသုံးပြု၍ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ — စာမျက်နှာ » ၃

အချက်အလက်မှသည် အသိဉာဏ်သို့ - ဉာဏ်ရည်တုနည်းပညာ၏ အခြေခံသဘောတရားအား ချဉ်းကပ်လေ့လာခြင်း — ဆောင်းပါး စာမျက်နှာ » ၆

ကျောင်းသား ကျောင်းသူ ကလေးငယ်တွေအားလုံး ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ စာပေသင်ကြားလေ့လာနိုင်အောင် အကောင်းဆုံးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ် — တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ၏ Fertility Centre တွင် သားသမီးရလိုသော ဇနီးမောင်နှံများအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ — စာမျက်နှာ » ၁၁

ကြေးမုံ

# စိန်ခေါ်မှုအခက်အခဲများကြားမှ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်

နိုင်ငံတော်အစိုးရသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများစွာတို့တွင် အားနည်းချက်များကိုပြင်ဆင်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူလူထု၏လိုအပ်ချက်များကို ဆောင်ရွက်ပေးရာတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးကြီးသည့်ကဏ္ဍဖြစ်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအသုံးပြုမှုနှင့် ပတ်သက်၍ အခက်အခဲများရှိပါက ပွင့်လင်းမြင်သာစွာအသိပေးခြင်း၊ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူလူထု လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်၍ ယခုအခါ ယခင်နှင့်မတူ ပုံမှန်သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်စီမံကိန်းများအနက် အချို့သောစီမံကိန်းများသည် အမျိုးမျိုးသောနှောင့်ယှက်ဟန့်တားမှုများကြောင့် အပြည့်အဝအကောင်အထည်ဖော်နိုင်မှုမရှိဘဲ ပြည်သူလူထုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်သည်။ တစ်ဖက်တွင် ပြည်သူလူထု၏ လူမှုဘဝများမြင့်မားတိုးတက်လာမှုနှင့်အတူ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်ဖြစ်ပေါ်လျက်ရှိရာ ဝန်နှင့်အား မမျှတတော့ဘဲ ကြိုးပမ်းရုန်းကန်နေရသည့်အခြေအနေဖြစ်နေသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများတွင် ပြန်လည်အသုံးပြုရပြီး ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ရှည်လျားစွာ သွယ်တန်းထားရသည့် မဟာဓာတ်အားလိုင်းကြီးများတစ်လျှောက် အလိုအလျောက် ဓာတ်အားဆုံးရှုံးသွားသဖြင့် သုံးစွဲသူပြည်သူများထံသို့ ရောက်ရှိချိန်တွင် ထုတ်လုပ်မှု၏ ရှစ်ရာခိုင်နှုန်းခန့်သည် သဘောသဘာဝအရ လျော့နည်းနေလျက်ရှိသည်။ ထို့အပြင် အချို့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်များ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းကြီးများမှာ အကြမ်းဖက်အဖျက်သမားများ၏ ဖျက်ဆီးခြင်းအမျိုးမျိုးခံထားရသဖြင့် လျှပ်စစ်ဓာတ်အားအပြည့်အဝအသုံးပြုနိုင်ရန် ကျန်ရှိသည့် ဓာတ်အားခွဲရုံများနှင့် မဟာဓာတ်အားလိုင်းကြီးများက ဝန်ပိုများထမ်းဆောင်နေရသည်။

တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လွှမ်းခြုံဖြန့်ဖြူးပေးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် တည်ဆောက်ပေးထားသော ရေအားလျှပ်စစ်ဓာတ်အားပေးစီမံကိန်းများ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းကြီးများကို မြို့ပြများနှင့် အလှမ်းဝေးသည့်နေရာများတွင် တည်ဆောက်ထားရသည်။ အထူးသဖြင့် မဟာဓာတ်အားလိုင်းကြီးများကို တောတောင်လွင်ပြင်များကြားမှ ရှည်လျားစွာဖြတ်ကျော်သွယ်တန်း တည်ဆောက်ထားရသည်။

ပြီးခဲ့သည့်ကာလတစ်လျှောက်နှင့် လက်ရှိတွင် ကျေးလက်တောရွာ၊ တောတောင်လွင်ပြင်များ၌ ခိုအောင်းအခြေချနေသော အကြမ်းဖက်အဖျက်သမားများသည် အများပြည်သူအကျိုးစီးပွားကို ထောက်ထားငဲ့ညှာမှုမရှိဘဲ မဟာဓာတ်အားလိုင်းကြီးများအား မကြာခဏဖျက်ဆီးနေသည်ကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ ဖျက်ဆီးခံရမှုများနှင့်ပတ်သက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအကာအကွယ် စောင့်ရှောက်ပေးမှုများ၊ ဒေသခံပြည်သူများ၏ အကူအညီများနှင့်အတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက စွန့်လွှတ်စွန့်စားကာ ဇွဲလုံ့လဝီရိယတို့ဖြင့် ရာသီအချိန်မရွေး တောတောင်လွင်ပြင်များအတွင်း အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပေးလျက်ရှိသည်။

ထိုသို့ပြင်ဆင်နေချိန်တွင်လည်း ပြင်ဆင်ရေးအဖွဲ့များ သွားရောက်ရာလမ်းတစ်လျှောက်၌ မိုင်းထောင်ထားခြင်း၊ ပြင်ဆင်နေစဉ် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ပြင်ဆင်ပြီး အပြန်ခရီးတွင်လည်း မိုင်းထောင်တိုက်ခိုက်ခြင်းတို့ကြောင့် ဝန်ထမ်းအချို့သေဆုံး၊ ဒဏ်ရာရမှုများရှိခဲ့သည်ဟု သိရသည်။ ယင်းသို့ဖြစ်ပေါ်နေသည့် အခက်အခဲအန္တရာယ်များကြားမှပင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နည်းပညာဆိုင်ရာအခက်အခဲများကို ဖြေရှင်းကျော်လွှားခြင်း၊ အဖျက်သမားများအား ဖော်ထုတ်ဖြေရှင်းခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့သဖြင့် ရေလှောင်တမံများ၏ ရေသိုလှောင်မှု အနိမ့်ဆုံးအမှတ်သို့ရောက်ရှိသည့်ကာလများတွင်ပင် လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ် တိုးမြှင့်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ ပြည်သူလူထုလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် ဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့ဝင်များအား အသိအမှတ်ပြုဂုဏ်ပြုရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်အရင်းအမြစ်များဖြစ်သည့် အခြေခံအဆောက်အအုံများကို ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးပြီး အဖျက်သမားအန္တရာယ်များနှင့် လျှပ်စစ်စွမ်းအားတန်ဖိုးများကို သိမြင်နားလည်ကာ နိုင်ငံတော်နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀-၅-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၆-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေစုနစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းတစ်ဦး စုစုပေါင်း ၁၀ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၅၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၆၇၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း၆၀၈၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဓားပြတိုက်၊ ဆက်ကြေးကောက်၊ အလှူခံ အလုပ်နဲ့ပဲ ဓာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး"** ခေါင်းစဉ်ဖြင့် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီတွင် **"၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာရော အကြမ်းဖက်အုပ်စုတွေလက်အောက်က ကလေးငယ်များ ပညာသင်ကြားခွင့်ရမည်လား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့်အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၅ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၅,၅၀၀ | ၁၆,၀၀၀ | ၁,၀၄၁ | ၁၆,၅၀၈,၀၀၀ |
| MTSH | ၇,၀၀၀ | ၇,၁၀၀ | ၅,၆၉၇ | ၄၀,၃၈၉,၉၀၀ |
| MCB | ၉,၈၀၀ | ၉,၈၀၀ | ၈၇၀ | ၈,၄၅၉,၀၀၀ |
| FPB | ၄,၈၀၀ | ၅,၀၀၀ | ၁၇,၂၃၁ | ၈၄,၇၇၆,၁၀၀ |
| TMH | ၃,၂၅၀ | ၃,၃၀၀ | ၁၀၀ | ၃၂၅,၂၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁၁,၅၀၀ | ၂၀,၁၂၅,၀၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၇၃၄ | ၂,၈၈၈,၃၅၀ |
| MAEX | ၄,၅၀၀ | ၄,၅၀၀ | ၄၇၄ | ၂,၁၃၃,၀၀၀ |
| MADPL(PLB) | ၄,၈၀၀ | ၄,၈၀၀ | ၃၉၂ | ၁,၈၈၂,၂၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၅၀၀ | ၁၅၉ | ၆,၂၇၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

○ ရှေ့ဖုံးမှ

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးကို ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် အဓိက တာဝန်ယူဆောင်ရွက်နေသည့် အမျိုးသား ကော်မတီအနေဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ယခင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ ဆောင်ရွက်ပြီးစီးမှုနှင့် ကြုံတွေ့လာနိုင်ခြေရှိသည့် သဘာဝဘေးများအတွက် ဝန်ကြီးဌာနများနှင့်နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်ထားသည့် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှု၊ ဘေးအန္တရာယ်ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး အဆင်သင့်ဖြစ်အောင်စီမံထားရှိမှုများကို သိရှိရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက်ဖြစ်ကြောင်း။

**❖ ယခုကာလသည် မုတ်သုံကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် မုတ်သုံကာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်း၊ မြစ်ရေကြီးခြင်းအပါအဝင် နောက်ဆက်တွဲဘေးအန္တရာယ်များကို ဒေသအလိုက်သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားကြရမည်**

ယခုကာလသည် မုတ်သုံကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် မုတ်သုံကာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်း၊ မြစ်ရေကြီးခြင်းအပါအဝင် နောက်ဆက်တွဲ ဘေးအန္တရာယ်များကို ဒေသအလိုက်သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိုးလေဝသဆိုင်ရာခန့်မှန်းချက်၊ ကြိုတင်သတိပေးချက်များကို မျက်ခြည်မပြတ် ဂရုတစိုက်သိရှိစေရန်လည်း လိုအပ်ကြောင်း၊ ယခုကာလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဒေသအချို့တွင် အပူချိန်များလာပြီး အယ်နီညိုဖြစ်နိုင်ခြေကိုလည်း တွေ့ရှိရကြောင်း၊ တစ်ဖက်တွင်လည်း ငလျင်ဘေးအန္တရာယ်ကို အထူးသတိပြုရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများကိုစနစ်တကျစီမံဆောင်ရွက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အတိုင်းအတာတစ်ခုထိ လျော့နည်းစေနိုင်ရုံမျှမက တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်စရိတ်များကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း။

**ကြိုတင်ပြင်ဆင်**

ထို့ပြင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ဝန်ကြီးဌာနများအလိုက်၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်မှုများ ကဏ္ဍအလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပွားလာနိုင်သည့်ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး လူ/တိရစ္ဆာန် ပြောင်းရွှေ့ရေး၊ ယာယီနေရာချထားရေး၊ အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ထိခိုက်နိုင်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ပြန်လည်ကုစားမည့်အစီအမံများနှင့် ဒေသအလိုက်တည်ရှိနေသည့် ဆည်မြောင်းတာတမံများ ကြံ့ခိုင်မှု ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ လုပ်ငန်းလည်ပတ်မှုမပြတ်တောက်စေရန် အစီအမံများကို ကဏ္ဍစုံတွင် ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ဒေါက်တာစိုးဝင်းတို့က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါ အချိန်မီတုံ့ပြန်နိုင်ရေးအတွက် လူမှုကယ်ဆယ်ရှာဖွေရေး အဖွဲ့များ၊ ဘေးဒဏ်ခံခိုလှုံရေးအဆောက်အအုံနှင့် ကယ်ဆယ်ရေးစခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် သဘာဝဘေးအလွန်ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေလျာထားဆောင်ရွက်ထားရှိမှု၊ သဘာဝဘေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ကူညီကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဖြစ်ပေါ်လာနိုင်သည့်သဘာဝဘေးအန္တရာယ်များအတွက် ကဏ္ဍများအလိုက် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့စေရေးနှင့် ယွမ်ငွေကြေးအသုံးပြု၍ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၂၅**

"ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးနှင့် ယွမ်ငွေကြေးအသုံးပြု၍ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ" ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူး၊ မြန်မာနိုင်ငံ အခြေစိုက် တရုတ်စီးပွားရေး လုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) အဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် "ယွမ်" ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံခွင့်ပြုပေးခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ ပိုမိုချောမွေ့မြန်ဆန်လာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကိုလည်းကောင်း၊ ယွမ်ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိ (One Stop Service – OSS) ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အခြေခံမီးသတ်ပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**တောင်ကြီး မေ ၂၅**

ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြသည်။

ထို့မှတစ်ဆင့် တောင်ကြီးမြို့ ရွှိုင်ရယ်တောင်ကြီးဟိုတယ်၌ ကျင်းပသည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောသည်။

အဆိုပါ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုးကို သင်တန်းကာလရက်သတ္တလေးပတ်ကြာစာတွေ့၊ လက်တွေ့ သင်ခန်းစာများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# (၂၅-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၂၅၈,၃၂၅.၂၇ | ၂၂,၄၂၇,၉၀၀.၁၀ | ၆၉,၂၁၈,၄၀၉.၈၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ထုပ်ပိုးမှုပစ္စည်းများ၊ စက္ကူ မုယော၊ ဂျုံ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၀၃ သန်းကို လည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၅ သန်းကို လည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၃ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄၉၃၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား**

**နေပြည်တော် မေ ၂၅**

ယနေ့ နံနက် ၄ နာရီ ၁၇ မိနစ် စက္ကန့် ၅၀ တွင် ကန့်ဘလူမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၄ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပင်လည်ဘူးမြို့၏ အနောက်တောင်ဘက် ၂၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၈၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၁ ဒီဂရီ၊ အနက် ၆၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၉ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

❒ ကျောဖုံးမှ

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် **"ယနေ့လူငယ် နောင်ဝယ်လူကြီး"**ဆိုသည့် စကားအတိုင်း နောင်လာမည့် အနာဂတ်တွင် နိုင်ငံတော်တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြရမည့် လူငယ်မောင်မယ်များကို ယခုကဲ့သို့ တွေ့ဆုံအမှာစကား ပြောကြားခွင့် ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကျောင်းနေအရွယ် လူငယ်မောင်မယ်များသည် ပညာသင်ကြားရမည့် အရွယ်တွင် ကျောင်းစာများကို ကြိုးစားလေ့လာသင်ယူရင်း ပညာသင်နှစ်များကို ဖြတ်သန်းခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ အခုကဲ့သို့ နွေရာသီအားလပ်ရက်များတွင် လူငယ်မောင်မယ်တို့အတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗဟုသုတတွေ တိုးပွားစေရန် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ၂၀၁၄ ခုနှစ်မှစပြီး နှစ်စဉ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

သင်တန်းများကို မျိုးဆက်သစ်ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအတွက် နွေရာသီကျောင်းပိတ်ရက် ကာလအတွင်းတွင် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းနှင့်လေကြောင်းပညာ ကျွမ်းကျင်သည့် အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ် လေ့ကျင့်ပေးရခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများမှ တစ်ဆင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်မှု အလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ ဝါသနာကို ပြုစုပျိုးထောင် မြှင့်တင်ပေးရန်နှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ ယုံကြည်ချက်၊ ခံယူချက် မြင့်မားစေပြီး အနာဂတ်နိုင်ငံတော်နှင့်တပ်မတော်အတွက်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်စသည့် ရည်ရွယ်ချက်ကောင်းများကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များဖြစ်ရန် အမိနိုင်ငံတော်၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်တို့၏ အဓိကအရေးပါမှုကို သိရှိထားရန် လိုအပ်ကြောင်း။

လူငယ်များသည် ခေတ်သမိုင်းနှင့် အနာဂတ်သမိုင်းအတွက် ပဓာနကျပြီး တန်ဖိုးရှိသည့် ရတနာများပင် ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ကောင်းများလည်းဖြစ်ကြောင်း၊ လူငယ်မျိုးဆက်သစ်များ၏ စွမ်းအားသည် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်းဆုံး အင်အားစုများပင်ဖြစ်သည်ကို လူငယ်မောင်မယ်များအာလုံး သိရှိထားကြရန် မှာကြားလိုကြောင်း။

ပညာပြည့်ဝ နှလုံးလှသည့် လူသား တစ်ယောက်အဖြစ် ရှင်သန် ရပ်တည်နိုင်ရန်အတွက် အကောင်းဆုံး အဖော်မွန်သည် ပညာပင်ဖြစ်ကြောင်း၊ ပညာသည်သာ အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်လုပ်ကိုင်နိုင်သည့် ဉာဏ်ရည်ကို ထုဆစ်ပုံဖော်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ပညာဟုဆိုသည့်နေရာတွင် အသိပညာ၊ အတတ်ပညာဟူ၍ ပိုင်းခြားသိမြင်နိုင်ရမည်ပင်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာကို ပိုင်ဆိုင်ရန် အတန်းပညာသည် အဓိကအခြေခံပင်ဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများမှတစ်ဆင့် လူသားတစ်ယောက်၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် လူနေမှုအဆင့်အတန်းများသည်လည်း တိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ယနေ့ ပညာတတ်ပေါကြွယ်ဝသည့် နိုင်ငံများသည် ကမ္ဘာပေါ်တွင် ရှေ့ဆုံးမှရပ်တည်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးဆောင်နိုင်ရန်အတွက် ပညာ၏ လက်တွဲခေါ်ဆောင်မှုမှတစ်ဆင့် လူသားတို့၏ ကြိုးစားအားထုတ်မှုများ၊ တီထွင်ကြံဆမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြ၍ တိုးတက်မှုများသည် တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလာခဲ့ပြီး လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားစွာ ရပ်တည်ရှင်သန်နေကြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံကြွယ်ဝသည့် လူငယ်များဖြစ်စေရေး ကဏ္ဍစုံတွင် အားပေးဖော်ဆောင်လျက်ရှိကြောင်း၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဆိုသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် ပဲ့ထိန်းသဖွယ်တည်ရှိနေသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ လူတော်ဖြစ်စေရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်သကဲ့သို့ လူကောင်းဖြစ်စေရန်အတွက်လည်း စာရိတ္တအခြေခံကောင်းများ ပိုင်ဆိုင်ထားရန်လိုအပ်ကြောင်း၊ ၎င်းသည် စာရိတ္တဗလ၏ အရေးပါမှုကို ညွှန်းဆိုထားခြင်းပင်ဖြစ်ကြောင်း၊ လူငယ်မောင်မယ်တို့အနေဖြင့် ယခုလိုငယ်ရွယ်နုပျိုစဉ် ကတည်းက စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာ တည်ဆောက် သွားကြရန် တိုက်တွန်းလိုကြောင်း၊ စာရိတ္တကောင်းမွန်ရန်အတွက် လူငယ်မောင်မယ်တို့သည် သီလကောင်းသည့်လူငယ်များဖြစ်ရန်လိုကြောင်း၊ သီလကောင်းမွန်ပြီး အတ္တနှင့်ပရကို မျှတအောင် နေထိုင်ကျင့်ကြံဆောင်ရွက်နိုင်မှသာ စာရိတ္တမဏ္ဍိုင်၏ အခြေခံခိုင်မာမှုကို စတင်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

လူငယ်မောင်မယ်တို့ အနေဖြင့် စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်နိုင်ပြီဆိုပါက **"ပညာပြည့်ဝ နှလုံးလှ"**သည့် အပြင် **"စွမ်းအားလည်းညီ ခေတ်လည်းမီ"** သည့် မျိုးဆက်သစ်များအဖြစ် အနာဂတ် နိုင်ငံတော်တွင် တစ်ပြိုင်တည်း ထွန်းတောက်လာကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မျိုးဆက်သစ်များဖြစ်သည့် လူငယ်မောင်မယ်တို့ နှလုံးသားတွင် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့သည် အမြဲရှင်သန်နိုးကြားနေရန်လည်း လိုအပ်ကြောင်း။

လူငယ်မောင်မယ်တို့ အနေဖြင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် အပြည့်အဝရှိသည့် မျိုးဆက်သစ်များပီပီ နောင်အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်နိုင်သူများဖြစ်အောင်စတင်ကြိုးစားလျှောက်လှမ်းသွားကြရန် လေးလေးနက်နက် တိုက်တွန်းပြောကြားလိုကြောင်း။

စာပေသည် လူသားတို့၏ နှလုံးသားကို သွန်သင်ဆုံးမပေးနိုင်သည့် ဆရာတစ်ဆူ ဖြစ်သကဲ့သို့ ဘဝများကို ထိန်းကျောင်းပြုပြင်ပေးနိုင်သည့် မိတ်ဆွေအရင်းအချာတစ်ဦးပမာ တွေ့မြင်ရမည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုသည့်နေရာတွင်လည်း မိမိနှလုံးသား၊ မိမိဘဝ၊ မိမိလူမျိုး၊ မိမိနိုင်ငံအတွက် နှလုံးအာဟာရကောင်းများ ပေးစွမ်းနိုင်သည့် အကျိုးပြုစာပေများကို ရွေးချယ်ဖတ်ရှုကြရန် လိုအပ်ကြောင်း၊ ယနေ့ Social Media အင်အားကြီးထွားလာမှု အပိုင်းတွင် အဆိပ်သင့်စာပေများသည် နေရာအနှံ့ကနေ ပျံ့နှံ့စိမ့်ဝင်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း၊ မျိုးဆက်သစ်လူငယ်များသည် စာအုပ်စာပေများနှင့် တဖြည်းဖြည်းဝေးကွာလာခဲ့ကြပြီး Social Media များနှင့် ပိုမိုနီးစပ်သွားကြသည့်အတွက် Social Media များမှတစ်ဆင့် အဆိပ်သင့်သတင်းများ၊ အဆိပ်သင့်စာပေများသည် မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားနှင့် အသိတရားကို အင်အားကြီးမားစွာဖြင့် ချေမွဖျက်ဆီးပစ်နိုင်သည်ကိုလည်း လူငယ်များအားလုံး သတိပြုဆင်ခြင်ကြရန် လိုအပ်ကြောင်း။

ယနေ့ခေတ် လူငယ်မောင်မယ်တို့ကြားတွင် စာဖတ်သည့် အလေ့အထကောင်းများ ရှားပါးလာသည်ကို တွေ့မြင်လာရကြောင်း၊ စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရန်အတွက် လူငယ်မောင်မယ်တို့သည် စာပုံမှန်ဖတ်ဖြစ်သည့် အလေ့အကျင့်တစ်ခုကို စတင်ပျိုးထောင်သွားကြရန်လိုကြောင်း၊ အကျိုးပြုစာပေမျိုးစုံကို ဖတ်ရှုလေ့လာနိုင်လာသည်နှင့် အမျှ မိမိနှစ်သက်စိတ်ဝင်စားရာ စာပေအမျိုးအစားကို မိမိနှလုံးသားက ပိုင်းခြားဆုံးဖြတ်ပေးသွားခြင်းဖြစ်ကြောင်း။

ပညာပြည့်ဝသည့် လူသားတစ်ယောက်၏ စိတ်နှလုံးသားသည် အရာရာကို မှန်မှန်ကန်ကန်နှင့် ရှုမြင်ပိုင်းခြားဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းရှိကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်မောင်မယ်တို့ အနေဖြင့် ပညာဆိုသည့် အဖော်မွန်ကို လက်တွဲပြီး နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည့် နောင်ဝယ်လူကြီးများ ဖြစ်အောင် ကြိုးစားကျင့်ကြံသွားကြရန် မှာကြားလိုကြောင်း။

အမိမြေကို ကာကွယ်စောင့်ရှောက်နိုင်ရန် ယခုအရွယ်ကတည်းက စတင်ပြီး မိမိကိုယ်ကို ကောင်းအောင်ကြိုးစားသွားကြရန်၊ မိမိဘဝကို ပညာနှင့် အဖော်ပြုပြီး ကောင်းအောင်တည်ဆောက်ကြရန်၊ မိမိတို့ဘဝတစ်လျှောက် ကြုံတွေ့လာခဲ့ရသည့် အတွေ့အကြုံများစွာထဲမှ ကောင်းသည့် အချက်များကိုဆောင်ပြီး မကောင်းသည့် အချက်များကို ရှောင်ရှားကာ မိဘများက ဂုဏ်ယူရသော၊ နိုင်ငံတော်က အားထားရသော **"စွမ်းအားလည်းညီ ခေတ်လည်းမီ"** သည့်နောင်ဝယ်လူကြီးများဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်း လူငယ် မောင်မယ်များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ရာ လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မဖြိုးသဉ္ဇာလင်းနှင့် လေကြောင်းလူငယ် သင်တန်းမှ မဝင်းသိင်္ဂီတို့က သင်တန်းများတွင် တက်ရောက် သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာ ရှင်းလင်းပြောကြားကြပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ ရေကြောင်း လူငယ်သင်တန်းနှင့် လေကြောင်း လူငယ်သင်တန်းတို့မှ လူငယ်မောင်မယ်များနှင့် အုပ်ချုပ်သူနည်းပြများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းလူငယ်သင်တန်းနှင့်လေကြောင်းလူငယ်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ ရေကြောင်းလူငယ်သင်တန်းနှင့် လေကြောင်း လူငယ်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

## ရှင်းလင်းပြသ

ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ မတက်ရောက်မီ ဖေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေး စက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင် ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း မြန်မာ့လက်မှုအနုပညာစင်တာ(ရန်ကုန်)၌ မြန်မာ့ရိုးရာလက်မှုထည်များ ဖွင့်လှစ်ရောင်းချနေမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့ နံနက်ပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန မြန်မာ့လက်မှုအနုပညာစင်တာ (ရန်ကုန်)၌ မြန်မာ့ရိုးရာလက်မှုထည်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။




**ဆွေးနွေးမှာကြား**

ကြည့်ရှုစစ်ဆေးစဉ် မြန်မာ့လက်မှုအနုပညာစင်တာ ဖွင့်လှစ်ရောင်းချမှုကို နိုင်ငံခြားသားဧည့်သည်များနှင့် အများပြည်သူကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးနှင့် စိတ်ဝင်စားမှုများ ပိုမိုမြင့်တက်လာစေရေး မီဒီယာအသုံးပြု စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထုတ်ကုန်များဈေးကွက်ရရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏အကူအညီဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်လုပ်ငန်းရှင်အသင်းများ၊ ခရီးသွားလုပ်ငန်းများနှင့် ချိတ်ဆက်၍ ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးသို့ရောက်ရှိကာ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး ခရိုင်သုံးခုရှိ ဦးစီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် သမဝါယမစနစ် အစုအဖွဲ့ပုံစံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုး၊ မွေးမြူရေး ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သမဝါယမစနစ်ဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ အောင်မြင်ရေး၊ အစုအဖွဲ့ပုံစံစည်းရုံးပြီး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (၂၀၂၆-၂၀၃၀) မိတ်ဆက်

နေပြည်တော် မေ ၂၅

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (၂၀၂၆-၂၀၃၀) မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅)၌ ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(၂၀၂၆-၂၀၃၀)ကို ယခင်ရေးဆွဲဆောင်ရွက်ခဲ့သည့် မဟာဗျူဟာ(၂၀၁၈-၂၀၂၃)က ရရှိခဲ့သောသင်ခန်းစာများနှင့် လက်တွေ့ကျသောအတွေ့အကြုံများကို အရင်းတည်ကာ ငါးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ရမည့် အမျိုးသားအဆင့် လမ်းပြမြေပုံတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ အရည်အသွေး စစ်ဆေးထောက်ခံမှုစနစ်များ အားကောင်းလာစေရေး လုပ်ငန်းစဉ်များ၊ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုလျှော့ချရေးအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ MSME လုပ်ငန်းများကို တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ပေးနိုင်ရန် အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်နိုင်မည့် အခွင့်အလမ်းများကို ထည့်သွင်းရေးသားထားကြောင်းပြောကြားပြီး စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (၂၀၂၆-၂၀၃၀) စာအုပ်များကို အခမ်းအနားတက်ရောက်သည့် ဧည့်သည်တော်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပူတာအို မေ ၂၅

ကချင်ပြည်နယ် ဝန်ကြီးချုပ်သည် ယမန်နေ့နံနက်ပိုင်းက ပူတာအိုမြို့ ပန်းလိုင်ရပ်ကွက်အတွင်း နမ့်ထွမ်ချောင်းရေတိုက်စားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေတိုက်စားမှုကာကွယ်နိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါရပ်ကွက်အတွင်း စုပါဝမ်း ဝါးတူထုတ်လုပ်ရေးလုပ်ငန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းတိုးချဲ့လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။




ယင်းနောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းရည်မှန်းချက်များ ပြည့်မီစေရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့တက်ရောက်ပြီး ဌာနဆိုင်ရာများ၊ စာပေယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တောင်သူများနှင့်တွေ့ဆုံသည်။ ဌာနဆိုင်ရာများနှင့် ဒေသခံများက လုပ်ငန်းဆောင်ရွက်မှုများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဘာသာရေးအသင်းအဖွဲ့များအတွက် ငွေကျပ် ၆၅ သိန်းနှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ဆက်လက်၍ မန်စေခွန်ကျေးရွာအုပ်စု နမ်မခူးနမ်ဆည်နှင့် အထက်ဘက်ရှိ အကျိုးပြုလယ်ဧက ၂၀၀ ကျော် အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ချောင်းရေတိုက်စားမှု ကာကွယ်ရေးအတွက် ရေကာတန်နှင့် သဲနုန်းတူးဖော်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးပြီး ငွေကျပ်သိန်း ၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကမမောင်းမြို့၌ တောင်သူအသိပညာပေးဟောပြော



ကမမောင်း မေ ၂၅

ကရင်ပြည်နယ် ကမမောင်းမြို့၌ တောင်သူ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မိဖိုင်းကျေးရွာနှင့် ဝါကော်ကျေးကျေးရွာတို့တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကမမောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်က မြေကြီးအာဟာရပြည့်ဝစေရန် သဘာဝသစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးခြင်း၊ အပင်သက်တမ်း ၄၅ ရက်ပြည့်လျှင် ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် E.M ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲခြင်း၊ ရိတ်သိမ်းချိန်ကာလ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေး လိုက်နာရမည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအတိုင်း လိုက်နာကျင့်သုံးနိုင်ရေး နည်းလမ်းများကို အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာသောတောင်သူများကသိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ကမမောင်း(ပြန်/ဆက်)**



# မြဝတီမြို့နယ်တွင် စားဖိုဆောင်သီးပင်စားပင်များ လက်တွေ့စိုက်ပျိုးခြင်း ပညာပေးကွင်းသရုပ်ပြ

မြဝတီ မေ ၂၅

ကရင်ပြည်နယ် မြဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ၁၀ မျိုး၊ ၁၀ ပေါင် စားဖိုဆောင် သီးပင်စားပင်များ၊ ငွေနှင်းမှိုမျိုးထုပ်များပေးအပ်ခြင်းနှင့် လက်တွေ့စိုက်ပျိုးခြင်း ပညာပေးကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းရွှေက ၁၀ မျိုး၊ ၁၀ ပေါင် စားဖိုဆောင်သီးပင်စားပင် မျိုးစေ့များနှင့် ငွေနှင်းမှိုများ စိုက်ပျိုးနည်းအဆင့်ဆင့် နည်းပညာများ၊ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်စားစနစ်ကိုအသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ၁၀ မျိုး၊ ၁၀ ပေါင် စားဖိုဆောင်သီးပင်စားပင် မျိုးစေ့များကို လက်တွေ့စိုက်ပျိုးသရုပ်ပြသကြရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# အချက်အလက်မှသည် အသိဉာဏ်သို့ - ဉာဏ်ရည်တုနည်းပညာ၏ အခြေခံသဘောတရားအား ချဉ်းကပ်လေ့လာခြင်း

မောင်မျိုးခိုင်
(ကွန်ပျူတာတက္ကသိုလ်)

ယနေ့ကမ္ဘာတွင် နည်းပညာများသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေပြီး ကျွန်ုပ်တို့အားလုံးသည် "ဉာဏ်ရည်တုနည်းပညာခေတ် (AI Age)" ထဲသို့ အပြည့်အဝရောက်ရှိနေပြီဖြစ်ပါသည်။

ဉာဏ်ရည်တုနည်းပညာ(AI)သည် ကျွန်ုပ်တို့၏လုပ်ငန်းခွင်နှင့် နေ့စဉ်ဘဝနယ်ပယ်အသီးသီးတွင် အဓိကအခန်းကဏ္ဍမှပါဝင်လာပြီး နေထိုင်မှုပုံစံသစ်တစ်ခုသို့ ကူးပြောင်းပေးလျက်ရှိပါသည်။ ဘဏ်ဝန်ဆောင်မှုများကို Digital Payment စနစ်ဖြင့် အသုံးပြုခြင်း၊ ဖျော်ဖြေရေးနှင့် ဗဟုသုတများအတွက် YouTube ကြည့်ခြင်း၊ Email နှင့် Viber တို့မှတစ်ဆင့် ဆက်သွယ်ပြောဆိုခြင်းတို့သည် AI နည်းပညာက ကျွန်ုပ်တို့၏အနီးအနားသို့ မည်မျှအထိ နက်နက်ရှိုင်းရှိုင်း ချင်းနင်းဝင်ရောက်နေပြီဖြစ်ကြောင်း ပြသနေသည့် ခိုင်လုံသောအထောက်အထားများပင်ဖြစ်ပါသည်။

ထို့ကြောင့် AI ဆိုသည်မှာ အဘယ်နည်း၊ ၎င်း၏ သဘောသဘာဝက မည်သို့ရှိသနည်း၊ ကျွန်ုပ်တို့၏အနာဂတ်အတွက် မည်သို့သော အခွင့်အလမ်းနှင့် ပြောင်းလဲမှုများကို ယူဆောင်လာနိုင်သနည်းဆိုသည်တို့ကို မဖြစ်မနေ သိရှိနားလည်ထားရန် လိုအပ်လာပြီဖြစ်ပါသည်။

**'ဉာဏ်ရည်'နှင့် 'တုပခြင်း'ဟူ၍ ခွဲခြားရှုမြင်နိုင်**

ဦးစွာ "ဉာဏ်ရည်တုနည်းပညာ"ဆိုသည်မှာ လူသားတို့၏ဉာဏ်ရည်ကို တုပဖန်တီးထားသော နည်းပညာဖြစ်ပြီး "ဉာဏ်ရည်တုစနစ် (AI System)"ဆိုသည်မှာ လူသားတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို လူ့ကိုယ်စား ဆောင်ရွက်ပေးနိုင်သောစနစ်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဝေါဟာရအားဖြင့် 'ဉာဏ်ရည်'နှင့် 'တုပခြင်း'ဟူ၍ ခွဲခြားရှုမြင်နိုင်ပါသည်။

ဉာဏ်ရည်တုနည်းပညာ၏ အခြေခံသဘောတရားကို လေ့လာကြည့်လျှင် AI စနစ်တစ်ခုသည် ပတ်ဝန်းကျင်မှ အချက်အလက်များကို အာရုံခံကိရိယာများမှတစ်ဆင့် ဖမ်းယူသိရှိပါသည်။ ထို့နောက် ရရှိလာသော အချက်အလက်များအပေါ် ကျိုးကြောင်းဆင်ခြင်၍ တွက်ချက်မှုများပြုလုပ်ကာ အခြေအနေနှင့်သင့်လျော်သော တုံ့ပြန်မှုများကို တုံ့ပြန်ကိရိယာများမှတစ်ဆင့် ပတ်ဝန်းကျင်သို့ ပြန်လည်ထုတ်လွှတ်သည့် ဖြစ်စဉ်ပင်ဖြစ်ပါသည်။

ဥပမာအားဖြင့် မိသားစုဝင်များ၏အသံ ဟုတ်၊ မဟုတ် စစ်ဆေးပေးမည့် Voice Recognition System တစ်ခုကို တည်ဆောက်မည်ဆိုပါစို့။ ဦးစွာ နေ့စဉ်ဘဝကို လေ့လာကြည့်လျှင် မိသားစုဝင်အချင်းချင်း တစ်ဦးကိုတစ်ဦးမမြင်ရဘဲ မျက်ကွယ်မှ စကားပြောကြသည့်တိုင် မည်သူမည်ဝါဖြစ်သည်ကို ချက်ချင်းသိရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦး၏အသံကို တစ်ဦးက နှစ်ရှည်လများ စကားလုံးပေါင်းမြောက်မြားစွာ ကြားဖူးနားဝရှိကာ အကျွမ်းတဝင် မှတ်မိနေကြသောကြောင့်ဖြစ်ပါသည်။

ဝမ်းသာချိန်၊ ဝမ်းနည်းချိန်၊ ဒေါသထွက်ချိန်၊ ပျော်ရွှင်ချိန်၊ ကျန်းမာချိန်နှင့် ဖျားနာချိန် စသည်ဖြင့် အခြေအနေမျိုးစုံ၌ အတိုးအကျယ်၊ အပြင်းအပျော့ ပုံစံအမျိုးမျိုးဖြင့် ပြောကြားခဲ့သည့်စကားသံများကို ကြားဖူးနားဝရှိခြင်းကြောင့် အသံရှင်ကို တိကျစွာခွဲခြားနိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိသားစုဝင်တစ်ဦးက အိမ်အပြင်မှနေ၍ "တံခါးဖွင့်ပါဦး"ဟုဆိုပါက "အေးအေး လာပြီ"ဟုဆိုကာ ချက်ချင်းတံခါးဖွင့်ပေးပါလိမ့်မည်။ သို့သော် သူစိမ်းတစ်ဦးက ထိုသို့ဆိုလာပါက ဖွင့်ပေးမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မိသားစုဝင်များသည် အချင်းချင်း ငယ်စဉ်ကတည်းက ပြောကြားခဲ့သည့် စကားသံအားလုံးကို မှတ်မိနေပြီးသားဖြစ်သဖြင့် ယခုကြားရသောအသံသည် မည်သူ၏အသံဖြစ်သည်ကို လွယ်ကူစွာ ခွဲခြားသိမြင်နိုင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် "အသံအသုံးပြု လူပုဂ္ဂိုလ်အတည်ပြုစနစ်" (Voice Recognition AI System) တစ်ခုကို တည်ဆောက်မည်ဆိုပါက မိမိတို့မှတ်မိစေလိုသည့် လူပုဂ္ဂိုလ်များ၏ အသံနေ အသံထားမျိုးစုံကို စနစ်အတွင်း ဦးစွာ ထည့်သွင်းမှတ်တမ်းတင်ရပါမည်။ အသံ၏ဝိသေသလက္ခဏာများအပေါ် မူတည်၍ မည်သည့်အသံသည် မည်သူ၏အသံဖြစ်သည်ဟု ယှဉ်တွဲမှတ်သားရခြင်းကို "ကြိုတင်လေ့ကျင့်ပေးခြင်း"ဟု ခေါ်ဆိုပါသည်။ ထိုသို့လေ့ကျင့်ပြီးနောက် စနစ်ရှိ အသံဖမ်းမိုက်ခွက်မှ အသံတစ်ခုကို ဖမ်းယူရရှိသည့်အခါ

- ယခုရရှိလာသော အသံ၏ ထူးခြားချက်များနှင့်
- ကြိုတင်မှတ်သားထားခဲ့သော အသံ၏ထူးခြားချက်များကို အပြန်အလှန် တိုက်ဆိုင်စစ်ဆေးပြီး ယခုအသံသည် မိမိတို့ သိရှိပြီးသားသူဖြစ်သလား သို့မဟုတ် လူစိမ်းလားဟု ခွဲခြားဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။

**မျက်နှာပုံဖမ်း လူပုဂ္ဂိုလ်အတည်ပြုစနစ်**

အကယ်၍ အသံအစား "မျက်နှာပုံဖမ်း လူပုဂ္ဂိုလ်အတည်ပြုစနစ်" (Face Recognition AI System) တစ်ခုကို တည်ဆောက်မည်ဆိုပါကလည်း အဆိုပါနည်းလမ်းအတိုင်းပင်ဖြစ်ပါသည်။ အတည်ပြုရမည့် လူပုဂ္ဂိုလ်တို့၏မျက်နှာပုံရိပ်များကို ရှေ့တည့်တည့်၊ ဘေးတိုက်၊ အပေါ်အောက် ရှုထောင့်စုံမှလည်းကောင်း၊ အလင်းအမှောင် အနေအထားမျိုးစုံမှလည်းကောင်း ကြိုတင်မှတ်သားထားရမည်ဖြစ်ပါသည်။ ထို့နောက် မျက်နှာဖတ်ကင်မရာမှ ဖမ်းယူရရှိသည့်ပုံရိပ်ကို ကြိုတင်မှတ်သားထားသော မျက်နှာသွင်ပြင်လက္ခဏာများနှင့် တိုက်ဆိုင်စစ်ဆေးရပါမည်။ ထိုသို့ တိုက်ဆိုင်စစ်ဆေးပြီးနောက် တူညီမှုရှိ၊ မရှိအပေါ်မူတည်၍ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို အလိုအလျောက် ဆက်လက်ဆောင်ရွက်စေမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ စနစ်နှစ်ခုစလုံးတွင် ဉာဏ်ရည်တုနည်းပညာ၏ လုပ်ဆောင်ချက်သည် လူသား၏ ဆင်ခြင်တွေးခေါ်နိုင်စွမ်းကို အစားထိုးဆောင်ရွက်ပေးခြင်းဖြစ်၍ လူသား၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်နိုင်ပါသည်။ သို့သော် မျက်နှာပုံဖမ်းစနစ်များ၌ စိန်ခေါ်မှုအချို့ရှိခဲ့ပါသည်။ ယခင်က မှတ်သားခဲ့သည့်လူပုဂ္ဂိုလ်သည် အချိန်ကာလကြာမြင့်လာခြင်း၊ အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေပြောင်းလဲခြင်း၊ ဆံပင်ပုံစံပြောင်းလဲခြင်း သို့မဟုတ် မျက်နှာအစိတ်အပိုင်းအချို့ ဖုံးကွယ်ထားခြင်းတို့ကြောင့် မူလသွင်ပြင်လက္ခဏာများနှင့် ကွဲပြားသွားပါက စနစ်အနေဖြင့် ခွဲခြားမှတ်မိရန် ခက်ခဲသွားနိုင်ပါသည်။ လူသားအချင်းချင်း ကြာရှည်မတွေ့ရသောအခါ ရုတ်တရက်မမှတ်မိတော့သည့် သဘောနှင့် ဆင်တူပါသည်။ ထိုသို့သော အခြေအနေများကို ကျော်လွှားနိုင်ရန် အမျိုးစုံသော အချက်အလက်မှတ်သားမှုများနှင့် အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်နိုင်သောစွမ်းရည်များ လိုအပ်လာပြန်ပါသည်။

> ✻ **ဉာဏ်ရည်တုနည်းပညာသည် ကွန်ပျူတာထဲမှ ထွက်လာပြီး စက်ရုပ်ခန္ဓာကိုယ်များထဲသို့ ရောက်ရှိလာကာ လက်တွေ့လောကထဲတွင် လူသားတို့နှင့်အတူ ဘေးချင်းယှဉ်၍ အလုပ်လုပ်မည့် Physical AI ခေတ်သို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး ကျွန်ုပ်တို့ကို အကူအညီပေးရုံမဟုတ်တော့ဘဲ ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်မည့် Partner အဆင့်သို့ တက်လှမ်းလာမည်**

အထင်ရှားဆုံး ဥပမာတစ်ခုမှာ ကိုဗစ်ကပ်ရောဂါကာလအတွင်း နှာခေါင်းစည်းများ တပ်ဆင်လာကြသည့်အခါ ယခင်မျက်နှာပုံဖမ်းစနစ်များသည် အလုပ်မဖြစ်တော့ခြင်းပင်ဖြစ်ပါသည်။ ထိုအခါ ပညာရှင်များသည် မျက်နှာတစ်ခုတည်းကိုသာ အခြေမခံတော့ဘဲ လူ့ခန္ဓာကိုယ်၏ ပုံပန်းသဏ္ဌာန်နှင့် လမ်းလျှောက်ဟန်တို့ကိုပါ ထည့်သွင်းတွက်ချက်သည့် Gait Recognition စနစ်ကို တီထွင်ကြံဆကာ အစားထိုး အသုံးပြုခဲ့ကြရပါသည်။

ထို့ကြောင့် ယနေ့ခေတ် ဉာဏ်ရည်တုနည်းပညာစနစ်များတွင် တွက်ချက်မှုပုံစံထက် လေ့ကျင့်ပေးထားသည့် အချက်အလက်များ၏ အရည်အသွေးနှင့် ပြည့်စုံမှုက ပို၍အရေးပါသော အသက်သွေးကြောဖြစ်လာသည်ဟု ဆိုကြပါသည်။

လူသားတို့တွင် မိမိတို့ကြုံတွေ့ရသည့် အခြေအနေများအပေါ် ဘက်စုံခြုံငုံသုံးသပ်ကာ အကောင်းဆုံး ဆောင်ရွက်နိုင်စွမ်းရှိသူကို 'ဉာဏ်ကောင်းသူ'ဟု ခေါ်ဆိုကြပါသည်။ ထိုနည်းတူစွာပင် ပိုမိုကောင်းမွန်ပြီး အသုံးတည့်သော ဉာဏ်ရည်တုစနစ်များတည်ဆောက်နိုင်ရန်မှာလည်း ပတ်ဝန်းကျင်အခြေအနေမျိုးစုံမှ ရရှိလာသော အချက်အလက်များကိုအခြေခံကာ တိကျမှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ပြီး အဖြေထုတ်တုံ့ပြန်နိုင်ရန် လိုအပ်လှပါသည်။ ယနေ့ခေတ်၏ ရည်မှန်းချက်မှာ ပိုမိုထက်မြက်သောနှင့် ပိုမိုပါးနပ်သောစနစ်များ ပေါ်ပေါက်လာစေရန်ပင်ဖြစ်ပါသည်။

ဥပမာအားဖြင့် လူသားဝန်ထမ်းတစ်ဦးက အဖွင့်အပိတ်လုပ်ပေးသည့် တံခါးစနစ်အစား ကွန်ပျူတာပရိုဂရမ် ထည့်သွင်းထားသည့် အလိုအလျောက်တံခါးစနစ်ကို 'စမတ်တံခါး'ဟု ခေါ်ဆိုနိုင်ပါသည်။ အကြောင်းမှာ သက်မဲ့တံခါးသည် သက်ရှိတစ်ဦးကဲ့သို့ အသိဉာဏ်ဖြင့် ဆောင်ရွက်လာနိုင်သောကြောင့်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် တံခါးရှေ့သို့ရောက်လာသော အရာဝတ္ထုသည် ဘောလုံးတစ်လုံးဖြစ်ပါက ဖွင့်မပေးဘဲ လူသားဖြစ်မှသာ ဖွင့်ပေးသည်ဆိုလျှင် ပို၍ဉာဏ်ကောင်းသောစနစ်ဟု ဆိုနိုင်ပါသည်။

ထို့ထက်မက လူသားချင်းအတူတူပင်ဖြစ်သော်လည်း အခြားသူဆိုပါက ဖွင့်မပေးဘဲ သတ်မှတ်ထားသည့် လူပုဂ္ဂိုလ်ကိုသာခွဲခြား၍ ဖွင့်ပေးနိုင်ပါက ပို၍ပင် စမတ်ကျသောစနစ် ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် ပိုမိုဉာဏ်ကောင်းသောစနစ်များဖြစ်လာစေရန် အကောင်းဆုံး တွက်ချက်ဆင်ခြင်နိုင်မှုရှိရန်နှင့် ပတ်ဝန်းကျင်အခြေအနေမျိုးစုံမှ အချက်အလက်များကို လေ့ကျင့်သင်ကြားပေးထားရန် လိုအပ်လှပါသည်။ ယခုအခါတွင် လူသားတို့ ကြိုတင်ထည့်သွင်းပေးထားသည့် အချက်အလက်များအပေါ်တွင်သာ အခြေခံ၍ ဆုံးဖြတ်ခြင်းမျိုးမဟုတ်တော့ဘဲ အလုပ်လုပ်ရင်းရရှိလာသည့် အတွေ့အကြုံများမှ သင်ခန်းစာယူကာ စက်က ၎င်း၏အသိဉာဏ်ကို ကိုယ်တိုင်ပြန်လည်မွမ်းမံတည်ဆောက်နိုင်သည့် ဉာဏ်ရည်တုနည်းပညာစနစ်များပင် ပေါ်ပေါက်နေပြီဖြစ်ပါသည်။

ဥပမာအားဖြင့် ကလေးငယ်တစ်ဦးကို "ဟောဒါက ကစားစရာအရုပ်၊ ကိုင်လို့ရတယ်... ဟောဒါကတော့ ရေနွေးခွက်၊ ပူတယ်၊ ကိုင်လို့မရဘူး၊ နောက်မကိုင်နဲ့နော်"ဟု လေ့ကျင့်သင်ကြားပေးထားပါက ကလေးငယ်သည် နောင်တွင် အရုပ်ကိုသာယူဆော့ပြီး အငွေ့တထောင်းထောင်းထွက်နေသည့် ရေနွေးခွက်ကိုမူ လက်ရှောင်ရန် ဆုံးဖြတ်ပေလိမ့်မည်။ သို့သော် သင်ကြားမှုထဲတွင် မပါဝင်ခဲ့ဖူးသည့် ရေခဲတုံးတစ်တုံးကို ကိုင်မိသည့်အခါ 'အေးသည်' ဟူသော အသိသစ်ကို ၎င်း၏အသိဉာဏ်ထဲတွင် ကိုယ်တိုင်ပေါင်းထည့်ကာ မွမ်းမံပြင်ဆင်သွားမည်ဖြစ်ပါသည်။ ဤသို့ဖြင့် နေ့ရက်များကို တစ်ရက်ပြီးတစ်ရက် ဖြတ်ကျော်ရင်း အတွေ့အကြုံသစ်များမှ သင်ခန်းစာယူကာ ရင့်ကျက်သောလူသားတစ်ဦးအဖြစ် ကြီးပြင်းလာမည်ဖြစ်ပါသည်။ ဤဖြစ်စဉ်ကို AI ၏အဆင့်မြင့်သင်ယူမှုဖြစ်စဉ်ဖြစ်သော Machine Learning နှင့် Reinforcement Learning တို့တွင် တွေ့ရှိနိုင်ပါသည်။

ထိုသို့ အချက်အလက်နှင့် အတွေ့အကြုံများမှတစ်ဆင့် 'အသိဉာဏ်' ထုတ်နုတ်ပုံနှင့် လက်ရှိရင်ဆိုင်နေရသောအခြေအနေကို ထိုအသိဉာဏ်နှင့်ယှဉ်၍ မည်သို့တုံ့ပြန်ရမည်ဆိုသည့် 'ဆုံးဖြတ်ပုံ' ဟူသော အချက်နှစ်ချက်အပေါ်တွင်မူတည်၍ ဉာဏ်ရည်တုစနစ်များ၏ ဆင့်ကဲပြောင်းလဲတိုးတက်မှု ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

**လူလုပ်ဉာဏ်ရည်တုဆိုသည့်စကားလုံးကို ပထမဆုံး စတင်သုံးနှုန်းခဲ့**

ဉာဏ်ရည်တုနည်းပညာ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၅၀ ပြည့်လွန်နှစ်များတွင် ဗြိတိသျှလူမျိုး သင်္ချာနှင့် သိပ္ပံပညာရှင် Alan Turing ၏ **"စက်များက လူလိုတွေးနိုင်မလား"** ဆိုသည့်မေးခွန်းမှ စတင်ခဲ့ပါသည်။ ၁၉၅၆ ခုနှစ် အမေရိကန်ပြည်ထောင်စု New Hampshire ပြည်နယ် Dartmouth College တွင် ကျင်းပခဲ့သည့် သုတေသနညီလာခံ၌ ဦးဆောင်သူ John McCarthy က **လူလုပ်ဉာဏ်ရည်တု "Artificial Intelligence"** ဆိုသည့် စကားလုံးကို ပထမဆုံး စတင်သုံးနှုန်းခဲ့ပါသည်။ ညီလာခံ၏ရည်ရွယ်ချက်မှာ လူသားတို့၏ဉာဏ်ရည်နှင့် သင်ယူနိုင်မှုကို စက်ပစ္စည်းများက အတုယူနိုင်ခြင်း ရှိ၊ မရှိ စူးစမ်းလေ့လာရန်ဖြစ်ပါသည်။

အစောပိုင်းကာလများ (၁၉၅၀-၁၉၈၀) တွင် AI သည် လူသားက ကြိုတင်သတ်မှတ်ပေးထားသည့်စည်းမျဉ်းများအတိုင်း တိတိကျကျ လုပ်ဆောင်နိုင်သည့် **"Expert Systems"** များအဖြစ်ရှိခဲ့ပါသည်။ 'ဒီလိုဖြစ်လျှင်၊ ဒီလိုလုပ်ပါ' ဆိုသည့် "If….., then….." Rule များအပေါ်တွင် အခြေခံပါသည်။ အဆိုပါအဆင့်တွင် AI သည် သူ့အလိုအလျောက် မတွေးခေါ်နိုင်သေးဘဲ ခိုင်းထားသည့်အတိုင်းပဲ လုပ်ဆောင်နိုင်သည့် အဆင့်ဖြစ်ပါသည်။ အဆိုပါခေတ်ကို AI ခေတ်ဦး **"Early AI"** ဟုခေါ်ဆိုကြပါသည်။

၁၉၉၀ နောက်ပိုင်း (၁၉၉၀-၂၀၀၀) တွင် AI သည် စည်းမျဉ်းများကို လိုက်နာရုံသာမက အချက်အလက်အများကြီးထဲမှနေ၍ သူ့အလိုအလျောက် သင်ယူနိုင်သည့် "Machine Learning"အဆင့်သို့ ကူးပြောင်းခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် IBM ၏ Deep Blue ကွန်ပျူတာက ကမ္ဘာ့စစ်တုရင်ချန်ပီယံ Garry Kasparov ကို အနိုင်ရရှိခဲ့ခြင်းက အချက်အလက်များကို အသုံးချပြီး မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ချနိုင်ခဲ့သော ထင်ရှားသည့်သာဓကတစ်ခုဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ☆

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပသည့် ဗုဒ္ဓမွေးနေ့ အခမ်းအနား တက်ရောက်

ဆိုးလ် မေ ၂၅

ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသသည် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့်မောင်တို့နှင့်အတူ မေ ၂၄ ရက်က Bongeunsa Temple ကျောင်း၌ ဗုဒ္ဓမွေးနေ့အထိမ်းအမှတ်ကျင်းပသည့်“50 Years of Gratitude & Friendship, 100 Years of Mercy”အခမ်းအနားသို့ တက်ရောက်ပြီး ကိုရီးယားသမ္မတနိုင်ငံ သံဃနာယကအဖွဲ့ခေါင်းဆောင် ဆရာတော် Venerable Wongmyeong နှင့်အတူ ဂုဏ်ပြုပူဇော်စကား ဟောကြားသည်။

ဗုဒ္ဓမွေးနေ့ အခမ်းအနားကျင်းပသည့် BongeunsaTemple သည် ဆိုးလ်မြို့ Gangnam ခရိုင်၌ တည်ရှိပြီး နှစ်ပေါင်း ၁၂၀၀ ကျော် သက်တမ်းရှိသော ရှေးဟောင်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ဖြစ်သည်။ အဆိုပါကျောင်းတော်၌ ကိုရီးယားနိုင်ငံ၏ အကြီးဆုံးသော မတ်ရပ်ကျောက်ဆင်းတုတော်ကြီးနှင့် ရှေးဟောင်းသစ်သားဘုန်းကြီးကျောင်းဆောင်များရှိပြီး ကိုရီးယားရိုးရာ ဗုဒ္ဓဘာသာယဉ်ကျေးမှုဓလေ့များကို လေ့လာနိုင်သည့် နေရာတစ်ခုအဖြစ် ထင်ရှားသည်။ နှစ်စဉ် မေလတွင် ဗုဒ္ဓမွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းဝင်သည့် မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။ **သတင်းစဉ်**



○ ရန်ကုန်တိုင်းဒေသကြီးမှ

ဖွင့်လှစ်မည်ဖြစ်သည်။ ကျောင်းအပ်နှံရာ၌ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိဘဲ ကျောင်းဝတ်စုံ၊ သင်ရိုးစာအုပ်၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များ ထောက်ပံ့သွားမည်ဖြစ်သည်။

ထို့ပြင် ကျောင်းပြင်ပရောက်ကလေးများ(မူလတန်းနှင့် အထက်တန်းအဆင့်)ကိုလည်း ကျောင်းသို့ ပြန်လည် ရောက်ရှိရေးအတွက် Placement Test(အထူးအစီအစဉ်)ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။



ဦးမင်းဦး



ဒေါ်အေးမြသီတာ

“ ပညာရေးရည်မှန်းချက်ဖြစ်တဲ့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ဖို့အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက် နေပါတယ်။ ကျောင်းအပ်လက်ခံတဲ့ အခါမှာ ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံစတဲ့ သင်ထောက်ကူပစ္စည်းတွေ ထောက်ပံ့ပေးအပ်ပြီး ကျောင်းအပ်လက်ခံနေပါတယ်။ KG တန်းဆိုရင်လည်း သူတို့နဲ့လိုက်ဖက်တဲ့ သင်ထောက်ကူပစ္စည်း၊ မူလတန်းဆိုရင် ကျောင်းဝတ်စုံနဲ့ ကျောင်းသုံးပစ္စည်းတွေ၊ အလယ်တန်း/အထက်တန်းဆိုရင် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်နဲ့ ခဲတံတွေ ထောက်ပံ့ပေး နေပါတယ်။ ကျောင်းအပ်နှံရေး သီတင်းပတ်ကျော်လွန်သွားရင်လည်း ဇွန်လမှာ ဆက်ပြီး ကျောင်းအပ်လက်ခံသွားမှာပါ။ နိုင်ငံတော်ရဲ့လမ်းညွှန်မှုနဲ့အညီ မနှစ်ကကျောင်းအပ်နှံမှုထက် ဒီနှစ်မှာပိုပြီး ကျောင်းအပ်နှံနိုင်အောင် အားလုံးပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးမင်းဦးက ပြောသည်။

နိုင်ငံတော် အကြီးအကဲက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေ၍ ကျောင်းထွက်နှုန်းလျော့ကျစေပြီး ပညာရေးကို ဆုံးခန်းတိုင် သင်ကြားစေရန်၊ KG+9 အဆင့်အထိ အားလုံးသင်ယူနိုင်ရန် မူဝါဒချမှတ်၍ မိဘများ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် နိုင်ငံသားအားလုံး သဘောပေါက်လက်ခံပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် လမ်းညွှန်ခဲ့သည်။

“ နိုင်ငံတော်သမ္မတကြီးနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန် ဖော်ဆောင်မှုဖြစ်တဲ့ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နှံနိုင်ဖို့ ဆရာ ဆရာမများနဲ့ ဌာနဆိုင်ရာတွေ၊ အသင်းအဖွဲ့တွေ ပူးပေါင်းအားနဲ့ ဆောင်ရွက်နေပါတယ်။ ကျောင်းနေအရွယ် အားလုံး လာရောက်အပ်နှံဖို့လည်း ဖိတ်ခေါ်ပါတယ်။ KG တန်းကနေ Grade–12 အထိ ကျောင်းအပ်လက်ခံနေပါပြီ။ ကျောင်းအပ်နှံရာမှာလည်း သင်ထောက်ကူ ပစ္စည်းတွေကို အခမဲ့ ထောက်ပံ့နေပါတယ်။ ကျောင်းအပ်နောက်ကျခဲ့ရင်လည်း စိတ်ချပြီး ဇွန်လမှာ ဆက်လက်၍ ကျောင်းအပ်နှံမှုကို လက်ခံဆောင်ရွက် ပေးသွားမှာပါ”ဟု ဒဂုံမြို့နယ် အမှတ်(၁) အထက်တန်းကျောင်းမှ ကျောင်းတာဝန်ခံဆရာမ ဒေါ်အေးမြသီတာက ပြောသည်။

“နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံစို့” ဟူသည့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းအကျိုးဆောင် အဖွဲ့ဝင်များ၊ စေတနာရှင်များနှင့် မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယမန်နှစ်ထက် ကျောင်းအပ်နှံသူဦးရေပိုမိုတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိသည်။ ယမန်နှစ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသားကျောင်းသူ ၁၁၇၃၃၄၇ ဦး ပညာသင်ကြားခဲ့ပြီး ယခုနှစ် ကျောင်းအပ်နှံချိန်မှစတင်၍ ယမန်နှစ်ကထက် ကျောင်းတက်ဦးရေ တိုးတက်အပ်နှံနိုင်စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**



## တံတားဦးမြို့နယ်၌ မြို့နယ်သဘင်အစည်းအရုံးဖွင့်ပွဲ ကျင်းပ

တံတားဦး မေ ၂၅

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် မြို့နယ်သဘင်အစည်းအရုံးဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက တံတားဦးမြို့ အမှတ်(၁) ရပ်ကွက် ဘူတာရပ်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သဘင်အစည်းအရုံး ဆိုင်းဘုတ်ကို တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသန့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မန္တလေး တိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးပစ်တိုင်းထောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးတိုက်ကြည်နှင့် တာဝန်ရှိသူများက မြို့နယ်သဘင်အစည်းအရုံး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပတ်ဖျန်းပေးကြပြီး မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ

၂၀၁၀ – ၂၀၂၀ ဝန်းကျင်ကာလစနစ်များတွင် ယခင်က Keyboard အသုံးပြု၍ လူက ရိုက်ထည့်ရသည့် အချက်အလက်မျှသာမကတော့ဘဲ အင်တာနက်နှင့်ချိတ်ဆက်ထားသည့် ကိရိယာပစ္စည်းများ၏ ကျေးဇူးကြောင့် ဖမ်းယူရရှိနိုင်သည့် ဗီဒီယို၊ ပုံ၊ အသံ၊ စာသား စသည့် အချက်အလက်ပမာဏမှာ လွန်စွာများပြားလာပြီး Big Data အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါအချက်အလက်များကို တွက်ချက်ဆောင်ရွက်ရမည့် ကွန်ပျူတာစက်များ၏ တွက်ချက်မှုစွမ်းရည်ကလည်း အလွန်ပင်စွမ်းအားမြင့်၍ မြန်ဆန်လာသည့် High Performance Computing ဖြစ်လာပါသည်။

အချက်အလက်များများကို မြန်မြန်၊ မှန်မှန်တွက်နိုင်သည့် ကွန်ပျူတာများ၏ အကျိုးဆက်အနေဖြင့် လူ့ဦးနှောက်၏အလုပ်လုပ်ပုံကို အတုယူထားသည့် တွက်ချက်မှုနည်းလမ်း **“Deep Learning”** ပေါ်ထွက်လာပါသည်။ Neural Networks နည်းပညာဖြစ်ပါသည်။ လူ့ဦးနှောက်အတွင်းရှိ နျူရွန် (Neurons) ဆဲလ်လေးများ တစ်ခုနှင့် တစ်ခုဆက်သွယ်၍ အချက်အလက်ပို့ဆောင်သကဲ့သို့ Artificial Neurons လေးများကို ချိတ်ဆက်ထားခြင်းဖြစ်ပြီး အချက်အလက်များကို အလွှာပေါင်းများစွာ (Layers) သို့ တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်းစေခြင်းဖြင့် ခွဲခြမ်းစိတ်ဖြာသည့်နည်းလမ်းဖြစ်ပါသည်။

Neural Networks အလွှာများ များပြားလာသည့်အခါ ယနေ့ခေတ် တွင်ကျယ်စွာအသုံးပြုနေသည့် Deep Learning ဖြစ်ပေါ်လာပါသည်။ ၂၀၁၆ ခုနှစ်တွင် Google DeepMind ၏ AlphaGo AI Program က Go ကစားပွဲ၌ ပရော်ဖက်ရှင်နယ် လူသားကစားသမားကို အနိုင်ရရှိခဲ့ခြင်းအားဖြင့် AI သည် ရှုပ်ထွေးခက်ခဲသည့်အခြေအနေတွင် လူသားကဲ့သို့ပင် “အလိုလိုသိစိတ်”ဖြင့် ဆုံးဖြတ်ချက်ချနိုင်လာပြီဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။

### “Generative AI” အဆင့်သို့ရောက်ရှိလာ

ယနေ့ခေတ်(၂၀၂၀ မှ ယနေ့အထိ)တွင်မူ AI သည် အချက်အလက်များအား နားလည်ရုံမျှသာမက စာများ၊ ပုံများနှင့် အကြံဉာဏ်အသစ်များကိုပါ ဖန်တီးပေးနိုင်သည့် **“Generative AI”**(ဥပမာ– Chat GPT, Gemini) အဆင့်သို့ ရောက်ရှိလာပါသည်။ AI Evolution ၏ အမြင့်ဆုံးအဆင့်ဖြစ်သော **“အတွေ့အကြုံမှ အသိထုတ်ယူခြင်း”**နှင့် **“အခြေအနေအလိုက် အကောင်းဆုံးတုံ့ပြန်ခြင်း”**တည်းဟူသော စမတ်ကျသည့် ဆုံးဖြတ်ချက်များကို လက်တွေ့ကျကျ လုပ်ဆောင်ပြနိုင်ခြင်းပင် ဖြစ်ပါသည်။

အနှစ်ချုပ်အားဖြင့် ဉာဏ်ရည်တုနည်းပညာသည် **“ခိုင်းတာလုပ်ပေးခြင်း”**မှသည် **“ကိုယ်တိုင်သင်ယူခြင်း”**၊ ထိုမှတစ်ဆင့် **“အသစ်ဖန်တီးဆုံးဖြတ်ခြင်း”** ဟူသော အဓိက အဆင့်သုံးဆင့်ကို ဖြတ်ကျော်ကာ ဆင့်ကဲတိုးတက်ပြောင်းလဲလာခဲ့ပြီးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အနာဂတ်ကာလတွင် ဉာဏ်ရည်တုနည်းပညာသည် ကျွန်ုပ်တို့၏ အလုပ်လုပ်ပုံနှင့် နေထိုင်ပုံကို အခြေခံကျကျ ပြောင်းလဲပစ်မည့် အဆင့်ဖြစ်ပါသည်။ မေးခွန်းများကို စာဖြင့် ပြန်လည်ဖြေကြားရုံသာမဟုတ်တော့ဘဲ လူသားတစ်ဦးကဲ့သို့ ရှုပ်ထွေးသောအလုပ်များကို အစအဆုံး တာဝန်ယူလုပ်ဆောင်ပေးနိုင်မည့် Autonomous Agents **“ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အလုပ်လုပ်သောစနစ်”** များအဖြစ် ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ခရီးသွားရန်ဟု ပြောလိုက်ရုံဖြင့် လေယာဉ်လက်မှတ်ဖြတ်ခြင်း၊ ဟိုတယ်အခန်းကြိုတင်ငှားရမ်းခြင်းနှင့် အချိန်ဇယားဆွဲခြင်းတို့ကို AI က ဘာသာစကားမျိုးစုံ၊ ပုံရိပ်မျိုးစုံကို သိရှိနားလည်ပြီး သူ့အလိုအလျောက် ဆောင်ရွက်ပေးသွားတော့မည် ဖြစ်ပါသည်။

ထို့အပြင် ဉာဏ်ရည်တုနည်းပညာသည် ကွန်ပျူတာထဲမှထွက်လာပြီး စက်ရုပ်ခန္ဓာကိုယ်များထဲသို့ ရောက်ရှိလာကာ လက်တွေ့လောကထဲတွင် လူသားတို့နှင့်အတူ ဘေးချင်းယှဉ်၍ အလုပ်လုပ်မည့် Physical AI ခေတ်သို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး ကျွန်ုပ်တို့ကို အကူအညီပေးရုံမဟုတ်တော့ဘဲ ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်မည့် Partner အဆင့်သို့ တက်လှမ်းလာမည်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့သည် AI ခေတ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ရာ ဤနည်းပညာ၏အလုပ်လုပ်ပုံ သဘောတရားများကို နားလည်သဘောပေါက်ထားခြင်းအားဖြင့် အနာဂတ်၏ ပြောင်းလဲမှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ AI စနစ်များသည် လူသားတို့၏ ကိုယ်စားလှယ်များအဖြစ် လုပ်ငန်းခွင်နှင့် နေ့စဉ်ဘဝတွင် ပိုမိုနက်ရှိုင်းစွာ ပါဝင်လာမည်ဖြစ်ရာ ၎င်းတို့ကို အကျိုးရှိရှိနှင့် ဘေးကင်းစွာ အသုံးပြုနိုင်ရန်မှာ ကျွန်ုပ်တို့အားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**မှီငြမ်းကိုးကား**

**“Artificial Intelligence: A Modern Approach”, Stuart Russell and Peter Norvig, Third Edition**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကျောင်းအပ်ကြစို့" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၁ ရာစုပညာခေတ်တွင် ပညာသင်ကြားခြင်းသည် ကလေးများ၏အနာဂတ်အတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည့်အတွက် ကလေးများပညာရေးဆုံးရှုံးမှု မဖြစ်စေရန် အထူးသတိပြုရမည်ဖြစ်ကြောင်း၊ "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"ဆိုသည့် ကျောင်းအပ်နှံရေးသီတင်းပတ်ဆောင်ပုဒ်ကို အလေးအနက်ထားပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အခမဲ့ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် စာသင်ခန်းအလိုက် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးပြီး ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်းသိရသည်။

သတင်းစဉ်



# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဖွင့်ပွဲနှင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

မကွေး မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်ပွဲနှင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက တိုင်းဒေသကြီးပညာရေးမှူးရုံးရှေ့နှင့် မြို့တော်ခန်းမတို့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြပြီး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက ကျောင်းအပ်ကြမယ် တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဥယျာဉ်မှူးကိုယ်ပိုင်ကျောင်းမှ Grade-7 ကျောင်းသား မောင်လွင်သန့်ထူးအောင်နှင့် တယောအဖွဲ့က တိမ်တမန်၊ အလှကမ္ဘာမြေနှင့် မြန်မာ့ကျောင်း တေးသီချင်းများအား တယောဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ထောက်ပံ့သော သင်ထောက်ကူပစ္စည်းနှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ပုသိမ် မေ ၂၅

၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက " ကျောင်းအပ်ကြပါစို့ "သီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်သည့် ရခိုင်ပြည်နယ်မှ ဧရာဝတီတိုင်းဒေသကြီးသို့ ယာယီတွဲဖက်တာဝန်ထမ်းဆောင်နေသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများအား ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ယာယီတွဲဖက်တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်း ၉၁ ဦးအတွက် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၅

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# နေပြည်တော်၌ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်



နေပြည်တော် မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်၍ကျောင်းသားကျောင်းသူများအား ကျောင်းအပ်လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

### စတင်ဆောင်ရွက်

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ယနေ့နံနက်ပိုင်းမှ စတင်၍ "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက ကျောင်းအပ်နှံရာတွင် စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးကြသည်။

ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံလေးချောင်းနှင့် ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့ထောက်ပံ့ပေးလျက်ရှိသည်။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်လည်း ကျောင်းဥပဓိရုပ် ကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်း သတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များ စိုက်ထူထားခြင်း၊ ကျောင်းအပ်ရန် စာသင်ခန်းများ ပြစနစ်ပုံ ဆိုင်းဘုတ်များထားရှိခြင်း၊ စာသင်ခန်းများအတွင်း၌ စာသင်ခုံများ စနစ်တကျ နေရာချထားခြင်းနှင့် ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက်လည်း သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက် ရှိသည့်အပြင် ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာဖြင့် ကျောင်းတက်၊ ကျောင်းဆင်း သွားလာနိုင်ရန်အတွက် ကျောင်းကြို၊ ပို့ယာဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ ယနေ့တွင် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူလတန်းအဆင့်၌ ၂၅၁၄၄ ဦး၊ အလယ်တန်းအဆင့်၌ ၁၃၉၆၁ ဦးနှင့် အထက်တန်းအဆင့်၌ ၃၃၇၁ ဦး စုစုပေါင်း ၄၂၄၇၆ ဦး လာရောက်ကျောင်းအပ်နှံခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကျောင်းသား ကျောင်းသူ ကလေးငယ်တွေအားလုံး ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ စာပေသင်ကြား လေ့လာနိုင်အောင် အကောင်းဆုံးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်

**ဒေါ်သက်သက်သင်း**

ဂျိုင်းလော၊ မင်းကျော်စွာ
ဓာတ်ပုံ - အောင်ပြည့်စုံ

နေပြည်တော် မေ ၂၅

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၌ "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်၍ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို မေ ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားမိဘများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်-


ဒေါ်သက်သက်သင်း


ဒေါ်စမ်းစမ်း


ဒေါက်တာကျော်လွင်

**ဦးရဲညွန့်အောင်(ကျောင်းသားမိဘ)**

ကျွန်တော့်သမီးက အခုဆိုရင် Grade 7 အတန်းကို တက်ရောက်ရမှာဖြစ်လို့ ဒီနေ့ပဲ ကျောင်းလာအပ်နှံတာပါ။ ပညာရေးဝန်ကြီးဌာနကလည်း ကလေးတွေကို စည်းကမ်းကောင်းမွန်ပြီး အနာဂတ်မှာ အောင်မြင်တိုးတက်တဲ့သူတွေဖြစ်လာအောင် အဘက်ဘက်က ပံ့ပိုးပေးတာ တွေ့ရပါတယ်။ အခုဆိုရင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ ခဲတံတွေအပြင် အခြားပညာသင်ကြားရေးမှာ အထောက်အကူပြုမယ့် ပစ္စည်းတွေကိုပါ အခမဲ့အားလုံး ထောက်ပံ့ပေးထားပါတယ်။ အခုလို ကလေးတွေရဲ့ ပညာရေးအတွက် လိုလေသေးမရှိ အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူအားလုံးကိုလည်း ကျောင်းသားမိဘတစ်ဦးအနေနဲ့ အထူးကျေးဇူးတင်ရှိပါတယ်။

**ဒေါ်မိုင်ထွေးထွေးဇော်(ကျောင်းသားမိဘ)**

ကလေးကို ကျောင်းသားအသစ်ကျောင်းပြောင်းအနေနဲ့ ကျောင်းလာအပ်တာပါ။ ကျောင်းလာအပ်တဲ့အခါ ကျောင်းပြောင်း TC မပါသေးတဲ့အတွက် ဘာတွေထပ်လိုမလဲဆိုတာ ဆရာမတွေဆီမှာ လာရောက်စုံစမ်းတာဖြစ်ပါတယ်။ ကျောင်းကနေ Grade 9 အတွက် ပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ဘောပင်နဲ့ ခဲတံ နှစ်ချောင်းစီ ထောက်ပံ့ပေးပါတယ်။ သမီးအငယ်အတွက်ဆိုရင် ကျောင်းဝတ်စုံလည်း ပါတယ်။ ကျွန်မတို့ မိဘတွေအနေနဲ့ ကိုယ့်သားသမီးရဲ့ ပညာရေးကို အားပေးပံ့ပိုးဖို့က အင်မတန်အရေးကြီးပါတယ်။ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ကလေးတွေရဲ့ ရှေ့ရေးအတွက် အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမှာပါ။ အခြားမိဘတွေကိုလည်း အခက်အခဲရှိရင် ဆရာ ဆရာမတွေနဲ့ တိုင်ပင်ဆွေးနွေးပြီး ကိုယ့်သားသမီးရဲ့ ပညာရေးကို အတူတူဝိုင်းဝန်းမြှင့်တင်ပေးကြဖို့ တိုက်တွန်းချင်ပါတယ်။

**ဦးဝင်းမြင့်ဦး(ကျောင်းအုပ်ဆရာကြီး)**
**အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း**

ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ပေးထားပေမယ့် ဇွန်လအထိ ကျောင်းအပ်လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းအပ်နှံဖို့ အချိန်ကိုတော့ နံနက် ၈ နာရီကနေ ညနေ ၃ နာရီအထိ နေ့စဉ်လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းအပ်နှံရေးနေ့ မရောက်ခင် မေ ၁၅ ရက်လောက် ကတည်းက ဆရာ ဆရာမတွေအားလုံး မိခင်ဌာနကျောင်းကို ပြန်လာကြပြီး ကျောင်းဖွင့်ဖို့နဲ့ ကျောင်းအပ်နှံရေးအတွက် လိုအပ်တဲ့ သန့်ရှင်းရေးလုပ်ငန်းတွေ၊ ကျောင်းဥပစာရိပ် ကောင်းမွန်ရေး၊ စာသင်ခန်းတွေနဲ့ အတန်းအားလုံးကို ကြိုတင်ပြီးတော့ ပြင်ဆင်ဆောင်ရွက်ထားရှိပါတယ်။

အထက(၅)အနေနဲ့ ကျောင်းကြို/ပို့ကား ငါးစီးနဲ့ လမ်းကြောင်း ငါးကြောင်းကို ကျောင်းသား ကျောင်းသူတွေအတွက် တစ်နေ့ကို နှစ်ခေါက်နှုန်းနဲ့ ကြို/ပို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အခြားကျောင်းတွေက ပြောင်းရွှေ့လာတဲ့ ကျောင်းသား ကျောင်းသူတွေကိုလည်း အဆင်ပြေစွာ လက်ခံဆောင်ရွက်ပေးနေပါတယ်။ ကျောင်းသားမိဘတွေအနေနဲ့ မိမိတို့ သားသမီးတွေရဲ့ ပညာရေးအတွက်ကျောင်းလာရောက်အပ်နှံကြဖို့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဖိတ်ခေါ်ပါတယ်။

**ဒေါ်သက်သက်သင်း(ကျောင်းအုပ်ဆရာမကြီး)**
**အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း**

အရင်နှစ်ကတော့ ကျောင်းသားဦးရေ ၁၄၈၀ ရှိခဲ့ပြီး အခုနှစ်မှာလည်း အတန်းအသီးသီးကို နံနက် ၇ နာရီကနေ အခု ၁၀ နာရီအထိ ကျောင်းသားဦးရေ ၈၀၀ ခန့် လာရောက်အပ်နှံပြီးပါပြီ။ "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ လူငယ်တွေအားလုံး ကျောင်းကို ရောက်ရှိပြီး ပညာသင်ကြားဖို့ လိုအပ်ပါတယ်။ ကျောင်းအပ်နှံရေး သီတင်းပတ်မတိုင်မီ KG မှ Grade 12 အထိ အခန်း ၁၃ ခန်းနဲ့ ကျောင်းအပ်လက်ခံဖို့ ပြင်ဆင်ထားပါတယ်။ ကျောင်းသား အသစ်တွေလည်း ဝင်လာမှာဖြစ်တဲ့အတွက် ကျောင်းသားအသစ်တွေကိုလည်း သီးသန့်လက်ခံပေးလျက်ရှိပါတယ်။ ကျောင်းပြောင်းလာတဲ့သူတွေကိုလည်း ကျောင်းပြောင်းလက်မှတ် TC ချက်ချင်းပါမလာသေးရင်လည်း လက်ခံပေးထားပါတယ်။

ဒီမှာက ကျောင်းသားမိဘတွေက ဝန်ထမ်းတွေဖြစ်တဲ့အတွက် ရုံးမသွားမီ အချိန်မီ ကျောင်းအပ်နှံနိုင်စေဖို့ နံနက်စောစောပိုင်းကတည်းက ကြိုတင်ပြင်ဆင်လက်ခံပေးလျက်ရှိပါတယ်။ ရှေ့ဆက်ပြီးလည်း ကျောင်းသား ကျောင်းသူ ကလေးငယ်တွေအားလုံး ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ စာပေသင်ကြားလေ့လာနိုင်အောင် အကောင်းဆုံးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျောင်းအပ်နှံရေးရက်သတ္တပတ်မှာ ကျောင်းအပ်လို့ရသလို ကျောင်းဖွင့်တဲ့အချိန်မှာလည်း ဆက်ပြီးတော့ ကျောင်းအပ်လက်ခံပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါ်စမ်းစမ်း(ကျောင်းအုပ်ဆရာမကြီး)**
**အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း**

ပြီးခဲ့တဲ့ စာသင်နှစ်မှာ ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၁၁၆၁ ဦးဖြစ်ပြီး ဒီနှစ်မှာတော့ လက်ရှိအချိန်အထိ ကျောင်းလာရောက်အပ်နှံပြီးသူဦးရေ ၄၀၀ ကျော် ရှိနေပြီဖြစ်တဲ့အတွက် မနှစ်က တက်ရောက်သူဦးရေရဲ့ တစ်ဝက်ကျော်လောက်ဟာ ကျောင်းလာအပ်နှံပြီးဖြစ်ပါတယ်။ ကလေးတွေကို အပြင်မှာနေမယ့်အစား ကျောင်းဝင်းထဲမှာရှိနေတာက ပညာလည်းတတ်၊ လိမ္မာရေးခြားလည်းရှိစေမှာပါ။ အပြင်မှာပဲ လွှတ်ထားမယ်ဆိုရင်တော့ အပေါင်းအသင်းမှားပြီး ပျက်စီးသွားနိုင်ပါတယ်။ ဒါကြောင့် ကျောင်းသားမိဘတွေကို အဓိကထားပြီး စည်းရုံးလှုံ့ဆော်မှုတွေ လုပ်ပါတယ်။ ကျောင်းနေရမယ့်အရွယ် သားသမီးတွေကို ကျောင်းရောက်အောင်ပို့ပေးကြဖို့ ရပ်ရွာတွေအထိ ကွင်းဆင်းပြီး မိဘတွေ၊ ရပ်ရွာပြည်သူ လူထုကို ဟောပြောစည်းရုံးခဲ့ပါတယ်။ မေလ ဒုတိယပတ်ကတည်းက စတင်ခဲ့တဲ့ ကျောင်းအပ်နှံရေးရက်သတ္တပတ်အတွင်းမှာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းလာရောက်အပ်နှံနိုင်ဖို့အတွက် ရပ်ကွက်က တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး အသိပေးနှိုးဆော်မှုတွေကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။


ဦးရဲညွန့်အောင်


ဒေါ်မိုင်ထွေးထွေးဇော်


ဦးဝင်းမြင့်ဦး

**ဒေါက်တာကျော်လွင်(ညွှန်ကြားရေးမှူး)**
**နေပြည်တော်ပညာရေးမှူးရုံး**

ပြီးခဲ့တဲ့ ပညာသင်နှစ်ကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်မှာ အခြေခံပညာကျောင်း တက်ရောက်ခဲ့တဲ့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၉၀၀၀ ကျော် တက်ရောက်ပညာသင်ကြားခဲ့ပါတယ်။ ဒီနှစ်ကတော့ ကျောင်းသားဦးရေ တိုးတက်လာမယ်လို့ မျှော်လင့်ထားပါတယ်။ အခုနှစ်ပညာသင်နှစ်မှာတော့ Grade 9 အောင်မြင်လို့ Grade 10, 11, 12 တက်မယ်ဆိုရင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းတွေကို စိတ်ဝင်စားလာအောင် ရည်ရွယ်ပြီး အသိပညာဗဟုသုတပေးတဲ့အနေနဲ့ သင်ခန်းစာတွေထဲမှာ ထည့်သွင်းပြီးတော့ သင်ကြားပေးသွားမှာဖြစ်ပါတယ်။ ဒီဘာသာရပ်တွေကို စာမေးပွဲစစ်ဆေးခြင်းပြုလုပ်မှာမဟုတ်ဘဲ အလယ်တန်းအဆင့်မှာ အတွေ့အကြုံ ဗဟုသုတတွေ ရရှိပြီးတော့ အထက်တန်းအဆင့်မှာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်တွေကို သင်ကြားချင်စိတ် ပေါက်အောင်ရယ်၊ တက်ရောက်တဲ့အခါမှာလည်း လွယ်လွယ်ကူကူ လေ့လာသင်ယူနိုင်အောင် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်၊ အလေးထားမှုတွေနဲ့အညီ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပညာသင်နှစ်အလိုက် ကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ အခုအခါ ပြည်ထောင်စုနယ်မြေ နေပြည်တော်က ခရိုင် လေးခရိုင်မှာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း လေးကျောင်း စုံလင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီနှစ်ဆိုရင် Grade 12 အထိ ကျောင်းသားတွေ စုံစုံလင်လင် လေးကျောင်းလုံး တက်ရောက်ကြမှာ ဖြစ်ပါတယ်။ ဒီကျောင်းတွေကို တက်ရောက်ဖို့ ကျောင်းအပ်နှံဖို့အတွက်လည်း ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ မြို့နယ်၊ ခရိုင် အဆင့်ဆင့် တာဝန်ရှိတဲ့ ကျောင်းအုပ်ကြီးတွေက ကျောင်းသား ကျောင်းသူတွေကို အသိပညာပေးတာတွေ၊ ဆက်လက်သင်ယူနိုင်မှုအခွင့်အလမ်းတွေကို သိရှိနားလည်အောင် အရင်နှစ်စာမေးပွဲတွေဖြေအပြီး ကျောင်းမဖွင့်ခင်ကတည်းက အသိပညာပေးဟောပြောပွဲတွေ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အရင်နှစ်တွေရဲ့ အတွေ့အကြုံတွေ၊ အားနည်းချက်၊ အားသာချက်တွေကို ပြန်လည်သုံးသပ်ပြီး အခုပညာသင်နှစ်မှာ အကောင်းဆုံးဖြစ်စေဖို့ သင်ကြားသင်ယူမှုလုပ်ငန်းတွေကို စနစ်တကျပြင်ဆင်စီမံထားရှိပါတယ်။


ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ကျောင်းအပ်လက်ခံခြင်းကို မေ ၂၅ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရက အခမဲ့ ထောက်ပံ့ပေးအပ်သော ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြစဉ်။
သက်လွင်စိုး(ပြန်/ဆက်)


ပဲခူးမြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းအပ်လက်ခံခြင်းကို မေ ၂၅ ရက်မှ စတင်၍ သက်ဆိုင်ရာကျောင်းများတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိစဉ်။
ခရိုင်(ပြန်/ဆက်)

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုစတင်ဆောင်ရွက်

နေပြည်တော် မေ ၂၅

၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် ယနေ့မှ မေ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ အပါအဝင် ပိတ်ရက်မရှိသတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်း အသီးသီး၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ယနေ့နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးဆောင်ရွက်ပေးကြပြီး ကျောင်းသားကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသားကျောင်းသူများအား တစ်ပါတည်းပေးအပ်ကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုများကို ကြည့်ရှုအားပေးစဉ်။

ယင်းသို့ ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသားကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံလေးချောင်းနှင့် ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်းပုံနှိပ် စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## မူဆယ်မြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ်ဆိုင်းဘုတ်စိုက်ထူပွဲနှင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

မူဆယ် မေ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ကျောင်းအပ်နှံရေးသီတင်းပတ်ဆိုင်းဘုတ်စိုက်ထူပွဲနှင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အထက(၁) ကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။

**လက်ခံရယူ**

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ကျောင်းမုခ်ဦးဆိုင်းဘုတ်ရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်းဘုတ်အား အမွှေးနံ့သာများ ပက်ဖျန်းခဲ့ကြသည်။ ဆက်လက်၍ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကိုကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်၊ ခဲတံနှင့် ကျောင်းသုံးပစ္စည်းများကို တာဝန်ရှိသူများကပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုင်းတောင်းမြို့၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

မိုးနဲ မေ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (တုန်ဟုန်း)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ ဆိုင်းဘုတ်အား နယ်မြေခံတပ်နယ်မှူး၊ နမ့်စန်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောင်းဝင်း၊ ခရိုင်ပညာရေးမှူး ဦးကျော်နိုင်သွင်နှင့် မိုးနဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(တုန်ဟုန်း) ခန်းမ၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျင်းပရာ ကျိုင်းတောင်းတပ်နယ်မှူးက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်ပညာရေးမှူးတို့က ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကို ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## နတ်တလင်းမြို့နယ်၌ အခြေခံပညာကျောင်းများ၌ စတင်ကျောင်းအပ်လက်ခံ

နတ်တလင်း မေ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဆောင်ရွက် ပေးလျက်ရှိရာ ကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဘောပင်နှင့် ခဲတံများကို အခမဲ့ဖြန့်ဝေပေးသည်။



ထိုသို့ ကျောင်းအပ်နှံခြင်းကို ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိဖြစ်ပြီး ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံစေရေးအတွက် “နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ဆောင်ပုဒ်ပါ အသိပညာပေးဆိုင်းဘုတ်များ၊ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို အခြေခံပညာကျောင်းများနှင့် လူစည်ကားရာနေရာများ၌ စိုက်ထူပေးခြင်း၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကျောင်းအပ်လက်ခံရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ကျောင်းအပ်လက်ခံခြင်းကို မေ ၂၅ ရက် နံနက် ၈ နာရီခွဲမှ စတင်လက်ခံလျက်ရှိစဉ်။ ကျော်ဆန်းမြင့်

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းများကို မေ ၂၅ ရက်မှစတင်ပြီး လက်ခံဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများက စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်စဉ်။ မောင်မောင်(မင်းဘူး)





လက်ပံတန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းကို မေ ၂၅ ရက် နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာကျောင်းများအလိုက် လက်ခံဆောင်ရွက်ပေးလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)

# ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ၏ Fertility Centre တွင် သားသမီးရလိုသော ဇနီးမောင်နှံများအတွက် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၅**

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် Fertility Centre ကို သားသမီးရလိုသော ဇနီးမောင်နှံများအတွက် ရည်ရွယ်ဖွင့်လှစ်၍ ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ လူနာပေါင်း ၅၄၀၀ ကျော်ကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

Fertility Centre တွင် ဖန်ပြွန်သန္ဓေသား နည်းပညာ၊ သားအိမ်အတွင်းသို့ သုတ်ပိုးထည့်ခြင်း နည်းပညာ၊ မျိုးဥကြီးစေ၍ အချိန်ကိုက်ကိုယ်ဝန်ရစေသောနည်းပညာများ အသုံးပြု၍ ကျွမ်းကျင်သော ဆရာဝန်၊ ဆရာမများက အစိုးရရုံးဖွင့်ရက်တိုင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဝန်ဆောင်မှုပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် သားအိမ်အတွင်း သုတ်ပိုးထည့်ခြင်းနည်းပညာ (IUI) ဖြင့် လူနာ ၁၅ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယင်းတို့မှ လူနာသုံးဦး၊ ၂၀၂၄ ခုနှစ်တွင် IUI ဖြင့် လူနာ ၆၁ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာ ၁၂ ဦး၊ ၂၀၂၅ ခုနှစ်တွင် IUI ဖြင့် လူနာ ၁၅၇ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာ ၂၁ ဦး အောင်မြင်ခဲ့သည်။

အဆိုပါ လူနာ ၂၁ ဦးမှ ၂၀၂၆ ခုနှစ် မေ ၁၇ ရက်တွင် အမြွှာ ယောကျာ်းလေးနှစ်ဦး၊ မေ ၁၈ ရက်တွင် ယောကျာ်းလေးတစ်ဦး အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်မေလအထိ IUI ဖြင့် လူနာ ၃၀ အား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာငါးဦး အောင်မြင်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလနှင့်မေလအတွင်းတွင်လည်း ဖန်ပြွန်သန္ဓေသားနည်းပညာ အသုံးပြု၍ ဇနီးမောင်နှံ ၁၂ တွဲအား ကလေးရရှိစေနိုင်ရန် ဆောင်ရွက်ထားဆဲဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ၏ Fertility Centre တွင် သားသမီးရလိုသော ဇနီးမောင်နှံများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဝန်ဆောင်မှုကောင်းစွာ ဆောင်ရွက်လျက်ရှိပြီး သားသမီးရလိုသော ဇနီးမောင်နှံများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူလျက်ရှိကြောင်း ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) Fertility Centre မှ သိရသည်။

**သတင်းစဉ်**



## နေပြည်တော်ပြည်သူ့ဆေးရုံကြီးခုတင်(၃၀၀)တွင် သားအိမ်ခေါင်းကင်ဆာရောဂါ အကြိုစစ်ဆေးခြင်းကို အပတ်စဉ် သောကြာနေ့တိုင်း ဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၅**

နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၃၀၀)တွင် သားအိမ်ခေါင်း ကင်ဆာရောဂါ အကြိုစစ်ဆေးခြင်းကို အထူးကု ဆရာဝန်(သားဖွားမီးယပ်)နှင့် ကျန်းမာရေးဝန်ထမ်းများက အပတ်စဉ် သောကြာနေ့တိုင်း အသက် ၂၅ နှစ်မှ ၄၉ နှစ်အတွင်းရှိ အမျိုးသမီးများကို စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရေးမြို့နယ်၌ လူထုကျန်းမာရေးလုပ်သား (အကျဉ်းချုံး) သင်တန်း ဖွင့်လှစ်

**ရေး မေ ၂၅**

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လူထုကျန်းမာရေး လုပ်သား (အကျဉ်းချုံး) သင်တန်း တတိယအသုတ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အမှာစကား ပြောကြားပေးပြီး ရေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မျိုးထက်က လူထုကျန်းမာရေး လုပ်သားများ အနေဖြင့် ပို့ချပေးသည့် ပညာရပ်ဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိထိရောက်စွာ ပြန်လည် အသုံးချစေလိုကြောင်းနှင့် ပြည်သူ လူထုကျန်းမာရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရေးမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ စေတနာ့ကျန်းမာရေး ဝန်ထမ်း သင်တန်းသားဦးရေ ၆၀ အား ကျန်းမာရေးဆိုင်ရာပညာရပ်များကို မေ ၂၅ ရက်မှ စတင် သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**

## ဒလမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ဒလ မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒလ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အနေဖြင့် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ဒလ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး ခန်းမ၌ ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲတွင် မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးခင်မောင်စိုး က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**အိမ်မဲ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ပေါ် ငါးရပ်ကွက်မှ အိမ်ခြေပေါင်း ၃၂၈၉ အိမ်တွင် ပိုးလောက်လမ်းစစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် ကျန်းမာရေး အသိပညာပေးခြင်းများကို ပြုလုပ်သည်။



**အသိပညာပေး**

အဆိုပါလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဆုဝေထွန်း ဦးဆောင်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

## ကြံခင်းမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ဆီ၊ ဆန်နှင့် ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ကြံခင်း မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်ထုတ်ယူကြသော အငြိမ်းစားဝန်ထမ်းများအား ဆီ၊ ဆန်နှင့် ကြက်ဥများကို ယနေ့နံနက် ၈နာရီက ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကျော်နိုင်ဝင်း၊ တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ဝင်းမော်တို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## လှိုင်မြို့နယ်၌ အခြေခံစာရင်းရေး၊ စာရင်းကိုင် သင်တန်းဖွင့်

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကို ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ်သမဝါယမ ဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းသန့်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိသော သမဝါယမအသင်းများ၏ အခြေအနေကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို မေ ၂၅ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အခြေခံသမဝါယမအသင်းများရှိ အမှုဆောင်နှင့်အသင်းဝန်ထမ်းများ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၅

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် ကျုံဒိုး-ကော့ကရိတ်-သင်္ကန်းညီနောင် ဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ အား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေး တို့အတွက် ရှေ့တန်းစစ်မျက်နှာ များတွင် စစ်ဆင်ရေးတာဝန်များ ကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများ အား တိုင်းမှူးနှင့် တက်ရောက် လာကြသူများကအောင်သပြေခက် များဖြင့်လည်းကောင်း၊ ပန်းကုံး စွပ်၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်း ဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်တည်ငြိမ် ရေးနှင့် နယ်မြေအေးချမ်းသာယာ ရေးအတွက် ကယားပြည်နယ် ဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိ လာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော် သားများအား ဂုဏ်ပြုကြိုဆိုခြင်း ကို ယနေ့နံနက်ပိုင်းတွင် ရှမ်း ပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာန ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်း သူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ရှေ့တန်းစစ်မျက်နှာ များတွင် စစ်ဆင်ရေးတာဝန်များ ကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သား များအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက အောင်သပြေခက် များဖြင့်လည်းကောင်း၊ ပန်းကုံး စွပ်၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်း ဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုသိမ်ခရိုင်ဘဏ်ခွဲက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ပုသိမ် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုသိမ် ခရိုင်ဘဏ်ခွဲက မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများ ထုတ်ချေးခြင်း ကို ယနေ့နံနက်ပိုင်းမှစတင်ကာ ကျေးရွာများအား ထုတ်ချေးပေး လျက်ရှိသည်။ ထိုသို့ ထုတ်ချေး ပေးရာတွင် တိုင်းဒေသကြီး မန်နေဂျာ ဦးဝင်းနိုင်က ချေးငွေ စည်းကမ်းချက်များ ရှင်းလင်း ပြောကြားပြီး တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံ ဦးသန်းထွန်းက အာမခံဆိုင်ရာ အချက်အလက်များကို ရှင်းလင်း ပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများ က ရှမ်းကွင်းကျေးရွာအုပ်စု၊ ကွင်းပေါက်ကြီးကျေးရွာအုပ်စုနှင့် ရွှေသောင်ယံကျေးရွာအုပ်စုတို့မှ တောင်သူ ၁၀၁ ဦး၏ စိုက်ပျိုးမြေ ၇၅၁ ဧကအတွက် တစ်ဧကလျှင် ကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၂၂၅၃ သိန်းကို ထုတ်ချေးပေးခဲ့ ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## လှိုင်လင်မြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်

လှိုင်လင် မေ ၂၅

လှိုင်လင်မြို့၌ မီးငြှိမ်းသတ်ရေး အကြိုအခြေခံပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လှိုင်လင် မြို့နယ် မီးသတ်ဦးစီးဌာနခန်းမတွင် ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့် က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်အောင်ဆန်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်သက်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး နယ်ပယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ၃၁ ဦးအား ဇွန် ၅ ရက်အထိ အခြေခံမီးသတ်ပညာများ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

လှိုင်လင်မိုး

## မြိတ်မြို့နယ် ဝါကုန်းကျေးရွာ၌ မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေးဟောပြော

မြိတ် မေ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် မှုခင်းကြိုတင်ကာကွယ် ရေးနှင့် မှုခင်းပညာပေးဟောပြောပွဲကို ယမန်နေ့က ဝါကုန်းကျေးရွာ အမက(ဝါကုန်း) စာသင်ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောရာတွင် သမုတ်နယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ် မင်းမင်းထွန်းက မှုခင်းကျဆင်းရေးအသိပညာပေးခြင်းနှင့် ပြစ်မှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့် အချက်အလက်များ ရှင်းလင်း ပြောကြား၍ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ဇင်ဖြိုးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ခိုင်ထူး(ပြန်/ဆက်)





## လားရှိုးမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်

လားရှိုး မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် သီးသန့်မီးသတ်တပ်ဖွဲ့ ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့ တွင် အဆိုပါရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို မေ ၂၅ ရက်မှ ဇွန် ၅ ရက်အထိ ရှေးဦးမီးငြှိမ်း သတ်ရေးပစ္စည်းများ၊ ခေတ်မီမီးငြှိမ်းသတ်ရေးပစ္စည်းများဖြင့် မီးအတန်း အစားအလိုက် မီးငြှိမ်းသတ်ခြင်းသင်ခန်းစာများကို လေ့ကျင့်ပို့ချ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၂၅ ရက်တွင် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်မှ အိမ်ခြေ ၃၀၁၉ အိမ်တွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်စဉ်။ ဝင်းကြိုင်(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ မြို့နယ်စာရေးဆရာအသင်းအလုပ်အမှုဆောင် ရွေးချယ်

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မြို့နယ်စာရေးဆရာ အသင်း နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင် ရွေးချယ်ပွဲကို မေ ၂၃ ရက်က ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဒေါ်ခင်တင့်ဝေ(မြို့တော်စည်ပင်)က အသင်း၏ဆောင်ရွက် ချက်အစီရင်ခံစာနှင့် ဘဏ္ဍာရေးငွေစာရင်းရှင်းတမ်းများကို ဖတ်ကြား တင်ပြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို ပြုလုပ်ရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်တင့်ဝေ၊ အတွင်းရေးမှူး မောင်မြတ်နိုး(ရန်ကင်း)၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်လွင်၊ အမှုဆောင်များ အဖြစ် ဦးမောင်မောင်သွင်(ပန်းခိုင်)၊ ကိုရွှေဝင်းသန့်၊ ဦးရွှေစင်အောင်၊ ဦးသန့်ဇော်(ခ)ဇော်လင်းထိုက်တို့နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဒေါ်ခင်တင့်ဝေနှင့် မောင်မြတ်နိုး(ရန်ကင်း)တို့အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပ

နေပြည်တော် မေ ၂၅

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၅)မှ သင်တန်းသားများနှင့် တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင် အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် -



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

၁။ ယုံကြည်ချက် ကတော့ ကျွန်တော်ကိုယ်တိုင်ရော၊ နိုင်ငံအတွက်၊ ကျွန်တော်တို့ မိသားစုအတွက်၊ သူငယ်ချင်းတွေအတွက်၊ အားလုံးအတွက် ကျွန်တော်တို့ ရှေ့ကနေ လုပ်ဆောင်သွားမှာ နောက်ကညီအစ်ကိုတွေ အားလုံး လိုက်ပါ ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ချက်နဲ့ ဒီသင်တန်းကို တက်ရောက်ရခြင်း ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းလိုက်တဲ့အတွက် ကောင်းပါတယ်။ နိုင်ငံသားတိုင်း လူငယ်တိုင်းလိုလို ပြည်သူ့စစ်မှုထမ်းကို တက်သင့်တယ်လို့ ယုံကြည်ချက်ရှိပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ရော နောက်က ညီအစ်ကိုမှန်သမျှ အကုန်လုံး ပြည်သူ့စစ်မှုထမ်း နှစ်နှစ်တာကာလအတွင်း ကျေပွန်စွာ ထမ်းဆောင်သွားမယ်လို့ ယုံကြည်ချက်ရှိပါတယ်။ ကျွန်တော့် မိသားစုကတော့ ဒီနှစ်နှစ်တာ ကာလအတွင်း ကျေပွန်စွာ ထမ်းဆောင်ဖို့ တိုက်တွန်းပေးခဲ့ပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အတွက် ထမ်းဆောင်ရမယ့် နှစ်နှစ်တာ ကာလအတွင်းမှာ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်လို့ ယုံကြည်ချက်ထားပါတယ်။ သင်တန်းပြီးဆုံးလို့ မိခင်တပ်ရောက်တဲ့အခါ အထက်ကပေးအပ်တဲ့အမိန့်တွေ၊ နိုင်ငံတော်က ပေးအပ်တဲ့အမိန့်တွေကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါ့မယ်လို့ ယုံကြည်ချက်ထားပါတယ်။







၂။ ကောင်းတယ် လို့တော့ ထင်မြင်ပါတယ်။ စစ်မှုထမ်းကျွန်တော်တို့လို ယောကျ်ားလေးတွေ နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ပိုကောင်းသွားတာပေါ့။ ကျွန်တော်ဝါသနာပါတာကြောင့်ရယ်၊ အတင်းဝင်ချင်တာကြောင့် အုပ်ထိန်းသူတွေကို ခွင့်ပြုတောင်းဆိုပြီးတော့မှ ဒီကို တက်ရောက်ရခြင်း ဖြစ်ပါတယ်။ နောက်ထပ် တက်ရောက်မယ့်သူတွေလည်း စိတ်အားမငယ်ပါနဲ့။ ဒီရောက်လို့ရှိရင် ဆရာတွေနဲ့ အဆင်ပြေအောင် ပေါင်းသင်းပြီးတော့ အခက်အခဲတွေလည်း အကုန်အတူတူ ကျော်လွှားကြပါ။

၃။ နိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံ့တာဝန်ကို ကျေပွန်ချင်လို့ ဒီသင်တန်းကို တက်ရောက်ခြင်း ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရတော့မယ်ဆိုတော့ ကျွန်တော်လည်း ဂုဏ်ယူမိပါတယ်။ ဒီမှာ စိတ်လည်း အလွန် လှုပ်ရှားပါတယ်။ တပ်မတော်သားတွေမှာ ကျင့်ဝတ် ၆၀ ရှိတယ်လို့ ကြားဖူးပါတယ်။ အဲဒီကျင့်ဝတ် ၆၀ က ဘာတွေလဲဆိုတာ ကျွန်တော် သေချာသင်ယူချင်ပါတယ်။ အပြင်မှာတုန်းက သွားချင်သလိုသွား စားချင်သလိုစား ဒီထဲကို ရောက်ပြီးတဲ့နောက်မှာတော့ စားချိန်တန်စားရတယ်။ အိပ်ချိန်တန် အိပ်ရတယ်။ အကုန်လုံးက စည်းစနစ်တကျနဲ့ သွားရတာဆိုတော့ လူငယ်တွေအတွက် အကျိုးရှိမယ်ထင်ပါတယ်။ **သတင်းစဉ်**





## ပြည်ခရိုင်(ဇီးအုပ်)တောင်သူလယ်သမားသင်တန်းကျောင်း၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်



ပြည် မေ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ (ဇီးအုပ်) တောင်သူလယ်သမားသင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်း ဖွင့်လှစ်ခဲ့သည်။

ဦးစွာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနည်းပညာရပ်များကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ လက်ပံခုံကျေးရွာနှင့် ဖိုးတုပ္ပံကျေးရွာချင်းဆက် လမ်းဘေးဝဲ/ယာ၌ မေ ၂၅ ရက်က မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးစဉ်။** ခင်မောင်လွင်(ညောင်လေးပင်)

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာန ခရမ့်ရော်ဘာစက်ရုံ(သံဖြူဇရပ်)ကြည့်ရှုစစ်ဆေး



သံဖြူဇရပ် မေ ၂၅

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံနေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် သံဖြူဇရပ်မြို့နယ် အမှတ်(၂) အကြီးစား စက်မှုလုပ်ငန်း အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန ခရမ့်ရော်ဘာစက်ရုံ (သံဖြူဇရပ်)သို့ ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရမ့်ရော်ဘာစက်ရုံ လည်ပတ်မှုအတွက် လျှပ်စစ်မီးရရှိမှု၊ သုံးစွဲမှုအခြေအနေနှင့် မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးမှုအများဆုံး ဒေသတစ်ခုဖြစ်ပြီး စိုက်ဧကပေါင်း ငါးသိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည့် အတွက် ပြည်တွင်း၊ ပြည်ပမှရော်ဘာ အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ခရမ့်ရော်ဘာစက်ရုံ လည်ပတ်မှုနှင့် ပြည်ပတင်ပို့ကုန် ရော်ဘာထုတ်လုပ်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ မေလ (၂၈)ရက် (ကြာသပတေး)နေ့သည် "အီဒုလ် အဿွဟာ (ကုရ်ဘာနီအီးဒ်)" နေ့ဖြစ်သည့်အတွက် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## မိုင်းရယ်သကြားစက်ရုံ၌ အခြေခံမီးသတ်ပညာ သင်တန်းဖွင့်

မိုင်းရယ် မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနက ခိုဆိုင်းကျေးရွာအုပ်စုရှိ သံတောင်ဦးကုမ္ပဏီလီမိတက် မိုင်းရယ်သကြားစက်ရုံ (ရှန်တော်သကြားစက်)တွင် သီးသန့်မီးသတ်တပ်ဖွဲ့ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်ခြင်းကို ယနေ့နံနက်ပိုင်းက စက်ရုံရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ထွန်းဦးက သင်တန်းဖွင့်လှစ်ပေးခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၅ ရက်မှ ဇွန် ၆ ရက်အထိ အခြေခံစစ်ရေးပြနှင့် မီးသတ်ပညာဘာသာရပ်တို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သံတောင်ဦးကုမ္ပဏီလီမိတက်မှ ဌာနခွဲအသီးသီးရှိ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်တက္ကသိုလ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုစင်တာတွင် သုတေသနစာတမ်းများ ရှင်းလင်းတင်ပြမှု တက်ရောက်အားပေး

နေပြည်တော် မေ ၂၅

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် သုတေသနနှင့်တီထွင်ဆန်းသစ်မှုစင်တာ၌ သုတေသနစာတမ်းများ ဖတ်ကြားရှင်းလင်းမှုကို တက်ရောက်အားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် ဘာသာရပ်သင်ကြားရေးဆိုင်ရာ သိပ္ပံလက်တွေ့ခန်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန၊ အပန်းဖြေရိပ်သာ၊ အလေးမအားကစားရုံနှင့် တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး အတွက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံတက္ကသိုလ်သို့ ရောက်ရှိကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ မိုးရာသီ တက္ကသိုလ် သာယာလှပရေး အတွက် တက္ကသိုလ်ဝင်းအတွင်း ကိုလည်းကောင်း၊ သင်ကြားရေးလက်တွေ့ခန်းများ အဆင့်မြှင့်တင်ရေးအတွက်လည်းကောင်း ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၈) သင်တန်းဖွင့်

ရန်ကုန် မေ ၂၅

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၁၈) ၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းအမှတ်စဉ် (၂၁၈) သို့ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား ၁၈၉ ဦး၊ သင်တန်းသူ ၂၈၅ ဦး စုစုပေါင်း ၄၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ ဇူလိုင် ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မေ ၂၃ ရက်က ဘဲရမ်းကျေးရွာရှိ စာသင်ကျောင်း၌ မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဆန်းညွန့်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းထွဋ်အောင်တို့က မူခင်းကျဆင်းစေရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားစဉ်။

ရာမည (ပြန်/ဆက်)



ရောဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ သီရိမင်္ဂလာဈေးအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးသတိပေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်း၏စီမံမှုဖြင့် မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးထက်ဝေဦးက သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့များဖြင့် မေ ၂၅ ရက်က ဆောင်ရွက်စဉ်။ မင်းထက်သာ

✪ ကိုမိုအသင်းမှ




ကိုမိုအသင်းဟာ နောက်ဆုံးပွဲစဉ်မှာ ခရီမိုနိစ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ရမှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၄) နေရာမှာ ရပ်တည်နိုင်ခဲ့ကာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဂျူဗင်တပ် အသင်းကတော့ နောက်ဆုံးပွဲစဉ်မှာ တိုရီနိုအသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်သာထွက်ပေါ်အောင် ကစားနိုင်ခဲ့တာကြောင့် အဆင့် (၆) နေရာမှာ ရပ်တည်နိုင်ခဲ့ကာ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ယခုဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲ ပြီးဆုံးချိန်မှာ အင်တာမီလန်အသင်းက ချန်ပီယံဖြစ်လာခဲ့ပြီး အင်တာမီလန်အသင်း၊ နာပိုလီအသင်း၊ ရိုးမားအသင်းနဲ့ ကိုမိုအသင်းတို့ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပါတယ်။

အေစီမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ကတော့ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့ပြီး အတ္တလန်တာအသင်းက ကွန်းဖရန့်လိဂ်ဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အမှတ်ပေးဇယားအဆင့် (၁၈)၊ အဆင့် (၁၉) နဲ့အဆင့် (၂၀) တို့မှာ ရပ်တည်နေတဲ့ ခရီမိုနိစ်အသင်း၊ ဗီရိုနာအသင်းနဲ့ ပီဆာအသင်းတို့ကတော့ အီတလီစီးရီးအေပြိုင်ပွဲကနေ တန်းဆင်းသွားခဲ့ရတာဖြစ်ပါတယ်။ **ငွေကြယ်**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ စနစ်တကျထပ်မံဖြိုချဖျက်ဆီး

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ ၆၃၅ လုံးအားရှာဖွေဖော်ထုတ်ဝင်ရောက်ရှင်းလင်းနိုင်ခဲ့ပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေးနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံမဆောင်ရွက်နိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အပိုင်း(၁၊ ၂၊ ၃)သတ်မှတ်၍ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ KK Park နယ်မြေရှိ တရားမဝင် အဆောက်အအုံအားလုံး ရာနှုန်းပြည့် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး တရားမဝင် အဆောက်အအုံ ၃၂၂ လုံးကို ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့အား ချိတ်ပိတ်၍ ဖြိုချဖျက်ဆီးနိုင်ရေး အဆောက်အအုံအမျိုးအစားအလိုက် ပထမဆင့် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး၊ ဒုတိယအဆင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ကို အဆင့် နှစ်ဆင့်ဖြင့် ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆိုပါရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ ပထမအဆင့် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး အနက်မှ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုခဲ့သည့် လေးထပ် အဆောက်အအုံ နှစ်လုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ပြီး ယခင် ၁၃ ထပ် အဆောက်အအုံ တစ်လုံးကို ဖျက်ဆီးပြီးဖြစ်သဖြင့် စုစုပေါင်း အဆောက်အအုံ သုံးလုံးကို ဖျက်ဆီးပြီးဖြစ်ရာ တရားမဝင် အဆောက်အအုံ ၇၇ လုံးအနက် ဖြိုချဖျက်ဆီးရန် တရားမဝင် အဆောက်အအုံ ၇၄ လုံးကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အား ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင်အဆာက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။







ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လေးထပ်အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးသည့်အခြေအနေကို တွေ့ရစဉ်။

## မူဆယ်မြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်

**မူဆယ် မေ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသော အထောက်အကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အဆိုပါသင်တန်းကို ခရိုင်မီးသတ်ဦးစီးမှူးရုံးက ကြီးမှူး၍ ရပ်ကွက်အတွင်းမှ သင်တန်းသား ၅၈ ဦးအား ၁၀ ရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## လွိုင်လင်မြို့နယ်၌ ငွေကျပ် ၈၆၆၈ ဒသမ ၆၅ သိန်းတန်ဖိုး၊ သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**

လွိုင်လင်မြို့နယ်တွင် ငွေကျပ် ၈၆၆၈ ဒသမ ၆၅ သိန်းတန်ဖိုး၊ သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ လွိုင်လင်မြို့နယ် ပင်လုံမြို့အနီး ပင်လုံ-ကျောက်တန်း-တောင်ကြီးသွားကားလမ်း၌ မြဝတီမြို့နယ် ကျောက်ခက်ကျေးရွာနေ ဟန်ထူးအောင် (၄၈)နှစ် မောင်းနှင်ပြီး သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက်နေ မျိုးသူကို(၂၄)နှစ် လိုက်ပါလာသော TOYOTA FORTUNER အမျိုးအစား ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး HAPPY WATER ငါးဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၆၅၀၀၀) သိမ်းဆည်းရမိပြီး ဆက်လက်ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၂၇၂ တုံး (အလေးချိန် ၉၅ ဒသမ ၂ ကီလို၊ တစ်ကီလိုလျှင် ငွေကျပ်သိန်း ၉၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၅၆၈ သိန်း)၊ စိတ်ပြောင်းဆေးဝါး HAPPY WATER တစ်ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၁၀၀)နှင့် မြန်မာငွေကျပ် ၁၅ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ဟန်ထူးအောင်နှင့် မျိုးသူကိုတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



တရားခံ ဟန်ထူးအောင်နှင့် မျိုးသူကိုတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**အရေးယူထား**

အလားတူ မေ ၂၃ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် ဝမ်းတွင်းမြို့နယ် ကံစွယ်ကျေးရွာနေ သန်းဇော်ထွန်း(၃၀)နှစ် မောင်းနှင်လာသော FOTON OLLIN အမျိုးအစား ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၁၈၀) သိမ်းဆည်းရမိသဖြင့် သန်းဇော်ထွန်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ




နေပြည်တော် မေ ၂၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစား ဥယျာဉ်ကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်း အားကစားကွင်းတို့၌ ဗုန်လေးဗုန်ခွဲ၍ ကျင်းပရာ အားကစားရေးရာ ဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင် အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချင်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်းတွင် မွန်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ် အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်း နှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ကျောက်ပန်းတောင်း မေ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပေါက်သစ်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မေ ၂၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ရှိသူများသည် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေပြီး ဒေသထွက်ကုန်များအား ရာသီမရွေးသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကောင်းဆက်**





## တိုက်ကြီးမြို့နယ်၌ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဆင်း

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် KG နှင့် Grade -1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (ဆင့်ပွား) သင်တန်းဆင်းပွဲကို ယမန်နေ့က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမောင်မောင်လတ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါက်တာမိုးစန္ဒာသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဆရာ ဆရာမ စုစုပေါင်း ၅၁၉ ဦး တက်ရောက်ပြီး ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ မျိုးစပါးနှင့် သဘာဝမြေသြဇာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သမဝါယမဦးစီးဌာနက မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများသို့ မျိုးစပါးနှင့်သဘာဝမြေသြဇာပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက်နံနက်ပိုင်းတွင် မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေနွေအောင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဦးကြည်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဦးကြည်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဦးကျော်လင်းဇော်နှင့် တာဝန်ရှိသူများက သမဝါယမအသင်းများအား မျိုးစပါးနှင့် သဘာဝဓာတ်မြေသြဇာများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခွန်ပညာပေးရှင်းလင်းပွဲကို မေ ၂၅ ရက်က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်းက အခွန်အမျိုးအစား ခြောက်မျိုး၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လိုက်နာရမည့်အချက်များ၊ အခွန်ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးစဉ်။

ကိုကျော် (သုံးခွ)




မိတ္ထီလာမြို့၌ မီးသတ်ယာဉ်များ ဝင်ထွက်သွားလာရန်ခက်ခဲသောနေရာများအား စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာများ တစ်အိမ်တက်ဆင်းစစ်ဆေးအကြံပြုခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသီဟအောင်နှင့် တာဝန်ရှိသူများက မေ ၂၅ ရက် နံနက်ပိုင်းတွင် စစ်ဆေးဆောင်ရွက်စဉ်။

ချမ်းသာ (မိတ္ထီလာ)



## ဘားအံမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ဥပဒေအသိပညာပေးဆွေးနွေး

ဘားအံ မေ ၂၅

ကရင်ပြည်နယ်ဥပဒေချုပ် ဒေါ်နော်သန်းသန်းငြိမ်းနှင့် တာဝန်ရှိသူများသည် မေ ၂၄ ရက်နံနက်ပိုင်းက ဘားအံမြို့နယ် အိန္ဒူကျေးရွာ



အုပ်စုနှင့် လှာကာကျေးရွာအုပ်စုတို့သို့ကွင်းဆင်း၍ ဥပဒေအသိပညာပေးဆွေးနွေးဟောပြောသည်။

ထိုသို့ဆွေးနွေးဟောပြောရာတွင် ပြည်နယ်ဥပဒေချုပ်က တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးနိုင်ဝင်းက ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးစောသိန်းဖေမြင့်က လောင်းကစားဥပဒေပါ သိကောင်းစရာများကိုလည်းကောင်း၊ လက်ထောက်ပြည်နယ်ဥပဒေအရာရှိ ဒေါ်ဖြူဖြူသင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပါသိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အသင်း အပြီးသတ်လူရွေးချယ်

ရန်ကုန် မေ ၂၅

မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းသည် ၂၀၂၆ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယူကိုျသည် အသင်းကို ကာလရှည် လေ့ကျင့်ပြင်ဆင်ထားပြီး ပြိုင်ပွဲနီးကပ်လာချိန်တွင် အပြီးသတ်ကစားသမားများ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းတွင် ဂိုးသမား- ကောင်းကင်ကြယ်(ရန်ကုန်စီးတီး)၊ ဖုန်းပြည့်စုံဦး (Junior Lions)၊ စိုင်းခန့်မင်းညို(Junior Lions)၊ နောက်တန်း- သက်ပိုင်စိုး၊ သီဟအောင်၊ ဇော်လင်းအောင်၊ စိုင်းမောဝ်ဟန်၊ စွမ်းဇာနည်၊ ဇေထက်အောင်၊ စိုင်းဗွန်ရှမ်း(Junior Lions)၊ မျိုးခန့်ကျော်(Falcon)၊ စိုင်းခမ်းညီ (ရှေဝတီ ယူနိုက်တက်)၊ အလယ်တန်း- သော်ဇင်ကို၊ ကျော်သီဟ၊ ကြယ်ရောင်မင်းလေး၊ ကျော်ညီညီ၊ ခန့်ဝင်းအောင်၊ ညဏ်စိုးစံ၊ ခွန်မောင်လုံး (Junior Lions)၊ ကောင်းခန့်ကျော် (ဟံသာဝတီ ယူနိုက်တက်)၊ ရှေ့တန်း - သူရမင်းခန့်၊ စိုင်းဘိုဘိုကျော် (Junior Lions)၊ လမင်းပြည့်စုံ (ရန်ကုန်ယူနိုက်တက်)တို့ ပါဝင်ကြသည်။



မြန်မာ ယူ-၁၉ အသင်း ကစားသမားများ လေ့ကျင့်နေစဉ်။

အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇွန် ၁ ရက်မှ ၁၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(A)တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တီမောအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် ဇွန် ၁ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဇွန် ၄ ရက်တွင် ဗီယက်နမ်အသင်း၊ ဇွန် ၇ ရက်တွင် တီမောအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MFF**



## တရားမဝင်သစ်ထုတ်လုပ်မှုပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

မန္တလေး မေ ၂၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျီကုန်းကျေးရွာ မြို့နယ်သစ်တောဦးစီးဌာနရုံးရှိ ရွှေရတနာခမ္မာရုံ၌ ယမန်နေ့နံနက်ပိုင်းက တရားမဝင် သစ်ထုတ်လုပ်မှုပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်သစ်တောဦးစီးမှူး ဦးယဉ်မင်းထိုက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မွန်မွန်ခင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးပြောကြားသည်။ ဟောပြောပွဲသို့ ဒေသခံပြည်သူ ၃၅ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

**ဇာနည်ကိုကို(ပြန်/ဆက်)**



ချမ်းအေးသာစံမြို့နယ် Ruper Mandalar Hotel ၌ မေ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦးနှင့် တာဝန်ရှိသူများက မီးဘေးအန္တရာယ်စစ်ဆေးခြင်းများနှင့် လက်တွေ့မီးငြိမ်းသရုပ်ပြမှုများ စုပေါင်းဆောင်ရွက်စဉ်။

ချမ်းမြေ့မောင်(ချမ်း/စံ)

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်နှင့် စစ်ကိုင်းယူနိုက်တက်အသင်း နိုင်ပွဲရရှိ

ရန်ကုန် မေ ၂၅

၂၀၂၆-၂၀၂၇ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) နောက်ဆုံးနေ့ကို မေ ၂၅ ရက်က ဆက်လက်ကျင်းပရာ သစ္စာအားမာန် အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ သစ္စာအားမာန်အသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းမှာမူ ရှုံးပွဲနှင့် စတင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၆၀ တွင် ဟိန်းလင်းဇော်က သွင်းယူသည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရန်ကုန်စီးတီးအသင်းသည် ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း အနိုင်ရလဒ် မထိန်းနိုင်သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းယူနိုက်တက်အသင်းမှာမူ နောက်မှလိုက်ကစားကာ အမှတ်ပြည့်ရယူခဲ့ခြင်းဖြစ်သည်။ ရှစ်မိနစ်တွင် ကျော်မင်းမောင်က ရန်ကုန်စီးတီးအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို



သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

၂၄ မိနစ်တွင် ကျော်မင်းစိုး၊ အနိုင်ဂိုးများကို ၄၂ မိနစ်နှင့် ၇၁ မိနစ်တွင် မျိုးသူလွင်က သွင်းယူသည်။

ပွဲစဉ်(၁)အပြီးတွင် အား/ကာသိပ္ပံ၊ စစ်ကိုင်းယူနိုက်တက်၊ သစ္စာအားမာန်၊ Falcon၊ မြဝတီနှင့် Galaxy အသင်းတို့ နိုင်ပွဲရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MNL**

## မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များအား အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာကာရံ၍ စနစ်တကျထိန်းသိမ်းမွေးမြူပါ။

၂။ ပြင်ပမှလူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်းဝင်ရောက်မှုအား ကန့်သတ်ပြီး "တာဝန်ရှိသူမှအပ မဝင်ရ" တားမြစ်ဆိုင်းဘုတ်ထားရှိပါ။

၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့် ခြံအသုံးပြုဖိနပ်အား ပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကိုဖြတ်သန်းပြီးမှ ဝင်ရောက်ပါ။

၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ ရေခွက်)များအား ပုံမှန်ပိုးသတ်သန့်စင်ဆေးကြောပါ။

၅။ ခြံအတွင်း လုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။

၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျိအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြား အင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံအား ပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။

၇။ တိရစ္ဆာန်များအား အသုတ်လိုက်မွေးပြီး အသုတ်လိုက်ထုတ်ပါ။

၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိပြီး စနစ်တကျ လိုက်နာဆောင်ရွက်ပါ။

၉။ မွေးမြူထားသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေး စနစ်တကျ ထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆက်သွယ်ရန်ဖုန်း - ၀၆၇၃၄၀၈၄၆၃**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

တာမွေမြို့နယ်နေ ဒေါ်သက်ဆုတီ [၉/မဟမ(နိုင်) ၀၅၇၉၄၁] ကိုင်ဆောင်သူ၏ မိခင်အမည်မှာ ဒေါ်နန်းသီတာဝင်းမှုံနှင့် ဒေါ်နန်းသီတာဝင်းဟူ၍ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ပတ်စ်ပို့ပျောက်**

ကျွန်မ မမိုးထက်ထက်ဇင် [၁၂/စခန(နိုင်) ၀၇၉၆၀၆] ၏ ပတ်စ်ပို့နံပါတ် (MA-371316) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၇၉၄၄၆၁၇**

**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်မြဝင်း [၁၂/ကမရ(နိုင်) ၀၄၈၇၆၁] ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၃၁၉၃၅၅၈**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက-မင်းတန်းကျောင်း Grade-9တွင် ပညာသင်ကြားနေသော မခိုင်ချိုထွေး၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝဏ္ဏ [၁၀/ပမန(နိုင်) ၀၀၁၁၁၄] ဖြစ်ပါကြောင်း။ **ဦးစိန်ဝဏ္ဏ [၁၀/ပမန(နိုင်) ၀၀၁၁၁၄]**

**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်အောင်ကောင်းမြင့်မြတ် [၁၂/မဂဒ(နိုင်) ၂၂၆၇၇၅] ၏ ပတ်စ်ပို့နံပါတ် (MA-370981) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၅၈၉၄၄၅**

**အမည်ပြောင်း**

ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အထက(၂) Grade(11)တွင် ပညာသင်ကြားနေသော အဖ ဦးမင်းအောင်၏ သမီး မတုံတုံချစ်အား မနွေဟန်နီဦးဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မနွေဟန်နီဦး**

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ကျောက်မဲမြို့၊ ပင်ပေါ်အုပ်စု၊ ကျောင်းကုန်းကျေးရွာနေ အဖ ဦးကျော်မြင့်၏ သမီးအမည်မှန်မှာ မနန်းရည်မွန်ထက် [၁၃/ ကမန(နိုင်)၁၄၃၇၆၁]ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၂၀၀၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၃)၊ မြေကွက်အမှတ်(၃၂၉၀) ဦးမြင့်ရှောက်ချန်(ခ)ဦးသန်းအောင်[၉ /မမန(နိုင်)၀၁၆၈၂၇] (၁၀တ.၇ရသ.၃၀၃၂) နှစ်(၆၀)ဂရန်မူရင်းအမည်ပေါက် ပေ (၄၀x၆၀)မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးအောင်မျိုးဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်းလင်းမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အားပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆန်းလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈)၊ လူနေရပ်ကွက်အမှတ်(၈)၊ နီဂြောဓလမ်း၊ မြေကွက်အမှတ်(၄၈၈)၊ ဒေါ်ကြူကြူဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်ပေ(၃၈x၆၀)၊ (၂၈၀)စတုရန်းပေရှိ မြေကွက်ကြီးပေါ်၌ ဆောက်လုပ်မည့် ကြိုပွိုင့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ လမ်းမှမျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း)ရှိ ပထမထပ်၊ (၂)လွှာ၊ အကျယ်ပေ-(၁၇x၅၄)ရှိ ရေ/မီးစုံ(ကိုယ်ပိုင်မီတာ)ပါ တိုက်ခန်း၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန်ထရိုက်တာ ၎င်းမှသာ တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဦးကျော်ဝင်း [၁၂/မဂတ(နိုင်)၁၁၅၇၉၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးပန်းဖြူ [၈/ရနခ(နိုင်)၁၀၈၆၃၈]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကြိုပွိုင့်တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်သန္တာမျိုးဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၉၃)**
**အမှတ်-(၈၄၄)၊ ဗဟိုလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၀၃၅၄၈၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ၁၂ လမ်းတောင်ဘက်မျက်နှာပြု၊ ၈၆x၈၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးဇော်မင်းထွန်း [၉/မနမ(နိုင်)၁၁၉၆၀၆]၊ ဒေါ်ဝင်းဝင်းစန်း [၉/မနမ(နိုင်)၁၀၅၃၂၅]တို့က အမှုတွဲအမှတ်(၀၂၅၅/၂၀၂၆-၂၀၂၇) ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၁၇-ဃ)၊ ၁၂x၁၄ ကြား၊ ၈၇x၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးဇော်ဇော်သိန်း [၁၂/လမန(နိုင်)၀၆၁၈၃၄]၊ ဒေါ်မာမာလွင်[၉/စကတ(နိုင်)၀၁၂၉၈၀]တို့က အမှုတွဲအမှတ်(၀၂၃၉/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၁၄-ထ)၊ ၁၂လမ်းတောင်ဘက်မျက်နှာပြု၊ ၈၆x၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးခင်မောင်မြင့် [၉/မနမ(နိုင်)၀၂၇၅၈၁]၊ ဒေါ်ကြည်ကြည်သန်း [၉/မနမ(နိုင်)၀၂၇၅၈၂]တို့က အမှုတွဲအမှတ်(၀၂၅၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၁)၊ ဦးပိုင်အမှတ်(၃+၄ )၊၃၅လမ်းမျက်နှာပြု၊ စိန်ပန်းလမ်းမကြီးနှင့် ဝါဆိုကျောင်းလမ်းကြားရှိဂရန်အမည်ပေါက်သော စခန်းမှူး၊ အမှတ်(၇)ပြည်သူ့ရဲတပ်ဖွဲ့စခန်းကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ရဲအုပ်လွန်းအောင်ဆန်း [၁၂/မရက(နိုင်)၀၇၉၄၆၀]၏ ဂရန်ပျောက်၊ သက်တမ်းတိုးလျှောက်ထားလာပါမှုအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ဆဲဖြစ်ပြီး ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် အမှုအမှတ်(၁၁၇၂/၁၉၉၃-၁၉၉၄)အရထုတ်ပေးထားသော ဂရန်စာချုပ်နံပါတ် (၅၁၈/၁၉၉၅-၁၉၉၆)အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တေးရေး/တေးဆို ကိုင်ဇာတင်မုံ(Antibiotic) ဖန်တီးခဲ့သောတေးသီချင်းများနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်း၊ အမှတ်(၄)တွင်နေထိုင်သူ ဦးရဲငွေစိုး[၁၂/ရကန(နိုင်)၀၆၇၇၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကွယ်လွန်သွားပြီးဖြစ်သော ဂီတအနုပညာရှင်-တေးရေး/တေးဆိုကိုင်ဇာတင်မုံသည် Query Query တေးဂီတတီးဝိုင်းအမည်ဖြင့်လည်းကောင်း၊ Antibiotic တေးဂီတတီးဝိုင်းအမည်ဖြင့်လည်းကောင်း တေးသီချင်းများစွာဖန်တီးခဲ့သူဖြစ်ပြီး ၎င်းဖန်တီးခဲ့သော တေးသီချင်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ယနေ့တိုင် အောင်မြင်ကျော်ကြားလျက်ရှိပါသည်။ ဂီတအနုပညာရှင် တေးရေး/တေးဆို ကိုင်ဇာတင်မုံမကွယ်လွန်မီအချိန်ကတည်းမှ ယနေ့အချိန်ထိ ၎င်းဖန်တီးထားသော တေးသီချင်းများ၏ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲခြင်းအား မန်နေဂျာဖြစ်သူ ဦးရဲငွေစိုးအား လွှဲအပ်ထားရှိပြီး ယခုအခါတွင်လည်း ဂီတအနုပညာရှင်ကိုင်ဇာတင်မုံ၏ မိသားစုဝင်များ၏ လွှဲအပ်ချက်အရ ဦးရဲငွေစိုးမှ ဆက်လက်၍ တေးရေး/တေးဆို ကိုင်ဇာတင်မုံ၏ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ဂီတအနုပညာရှင် တေးရေး/တေးဆို ကိုင်ဇာတင်မုံ ဖန်တီးခဲ့သော တေးသီချင်းများအား အသုံးပြုရာ၌ အသုံးမပြုမီ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဂီတအနုပညာရှင် တေးရေး/တေးဆို ကိုင်ဇာတင်မုံ၏ မိသားစုဝင်များမှ မူပိုင်ခွင့်ဆိုင်ရာကိစ္စများကို ဆောင်ရွက်ရန် လွှဲအပ်ထားသော ဦးရဲငွေစိုးထံသို့ဖြစ်စေ ခွင့်ပြုချက်ကြိုတင်တောင်းခံ၍ ခွင့်ပြုချက်ရရှိမှသာလျှင် မည်သည့်ကဏ္ဍများတွင်မဆို အသုံးပြုပါရန်နှင့် ခေတ်မီနည်းပညာများ၊ AI များအသုံးပြု၍ တေးသီချင်းများအား မူလရသပျက်ယွင်းစေရန် ပြန်လည် ဆန်းသစ်အသုံးပြုခြင်းများကို လုံးဝ(လုံးဝ )တားမြစ်၍ ခွင့်မပြုပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာပါသည်။

တားမြစ်ချက်များအားဖောက်ဖျက်၍ အသုံးပြုမည်ဆိုပါက အသုံးပြုသူမည်သူကိုမဆို ဥပဒေနှင့်အညီဆက်လက်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဆွေစင်အိ(LL.B)(LL.M)** | **ဦးလင်းဘုန်းမြတ်(LL.B)(D.I.P.L) (D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၆၉၇)** | **(စဉ်-၁၇၃၈၁)** |

**အမှတ်(၃၉၈/၃၉၉)၊ စတုတ္ထထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၅၆၆၆၆၃၆၀၊ ၀၉-၇၈၅၁၉၄၉၀၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃/၃)၊ ဦးပိုင်အမှတ်(၂၇၈)ခဲစင်း၊ ၂၈x၂၉ကြား၊ ၅၅ x ၅၆ လမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သူ ဒေါ်နွယ်နွယ်အောင် [၉/တသန(နိုင်)၁၁၁၇၄၆]က အမှုတွဲအမှတ်(၀၂၅၄/၂၀၂၆-၂၀၂၇)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၆)၊ ဦးပိုင်အမှတ်(၈-စ)၊ ၆၂လမ်း၊ ၃၀x၃၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအုန်းလွင် [၁၂/အလန(နိုင်)၀၀၉၃၄၈]က အမှုတွဲအမှတ် (၀၂၆၀/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(အ/၆)၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ မြေကွက်သည် မှော်ဘီမြို့ ကိုယ်ထူကိုယ်ထအိမ်ရာချထားရေးကော်မတီ၏ လမ်း၊ မီး၊ ရေနှင့် လုပ်အားခအတွက် ပေးသွင်းထားသော ငွေရပြေစာတွင် ဦးတင်ဌေး(ISN-၂၈၂၃၈၂) ဖြင့် ပေးသွင်းထားသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား (၇-၁-၂၀၀၃)ရက်နေ့တွင် နှစ်ဦးသဘောတူမြေကွက်နှင့် အဆောက်အဦ အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နီနီဝင်း [၁၂/မရက(နိုင်)၀၃၁၅၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီဂီလှိုင် [၁၄/မအန(နိုင်)၁၃၀၉၁၀]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသောကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီဂီလှိုင်ထံသို့လည်းကောင်း (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သီဂီလှိုင်** | **ဒေါ်ပန်းနှင်းဝေ(ခ)ပန်းနုဝေ(LL.B)** |
| **[၁၄/မအန(နိုင်)၁၃၀၉၁၀]** | **အထက်တန်းရှေ့နေ(စဉ်-၅၂၉၄၆)** |
| **အမှတ်(၁၂၇)၊ အောင်သစ္စာလမ်း၊** | **ပုဗ္ဗသီရိမြို့နယ်။** |
| **စော်ဘွားကြီးကုန်းရပ်ကွက်၊** | **Ph:09-256004045** |
| **အင်းစိန်မြို့နယ်။ Ph:09-5047540** | |

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၅၁၇-က)၊ ဦးပိုင်အမှတ်(၄ ခဲစင်းအရှေ့ခြမ်း)၊ ၈၁ x ၈၂လမ်းကြား၊ ၄၁x၄၂ လမ်းကြား၊ ၄၁(b)လမ်းရှိ ဦးထွန်းခင်၊ ဒေါ်တင်မြ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ် (၁၁၃/၂၀၀၈)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်တင်မြထံမှ အပေးစာချုပ် အမှတ် (၂၈၆၃/ ၂၀၀၈)ဖြင့် ဒေါ်ခင်မာတင်က ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၂၁၇၅/၂၀၁၀) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းကြည်ထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၄၀၇၃/၂၀၁၈)ဖြင့် ဝယ်ယူခဲ့ကြသော ဒေါ်ပြည့်ဖြိုးကြွယ် [၉/မဟမ(နိုင်)၀၀၇၀၆၉]၊ ဒေါ်သင်းသင်းကြွယ် [၉/မဟမ(နိုင်)၀၃၈၇၄၈]တို့ထံမှ အထွေထွေ ကိုယ်စားလှယ် လွှဲစာအမှတ်(၁၅၈၃/ ၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ဦး [၉/မရတ (နိုင်) ၁၁၀၃၃၄]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ ဦးပိုင်အမှတ်(၂၁-က+၂၂+၂၃) ခဲစင်း၊ ၁၁လမ်း၊ ၈၀x၈၁ လမ်းကြားရှိ ဦးအောင်ကိုပါ-၁၀ အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးအောင်ကို ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ်(၆၄၀/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးနှင့် ပူးတွဲ ကျန်အမည်ပေါက်သူများ ဖြစ်ကြသော ဒေါ်ခင်မျိုးမြင့် [၉/မနမ(နိုင်) ၀၂၈၃၁၃]၊ ဒေါ်ညိုယဉ်လှ [၉/မနမ(နိုင်) ၀၂၉၁၄၆]၊ ဦးညိုဝင်း [၉/မနမ(နိုင်) ၀၂၉၁၄၇]၊ ဒေါ်ခင်ခင် [၉/မနမ(နိုင်) ၀၂၈၈၇၁]၊ ဒေါ်တင်တင် [၉/မနမ(နိုင်) ၀၂၉၁၄၉]၊ ဒေါ်ခင်မျိုးလှ [၉/မနမ(နိုင်) ၀၂၉၁၅၀]၊ ဦးဝဏ္ဏထွန်း [၉/မနမ(နိုင်) ၁၁၈၆၃၂]၊ ဦးဇေယျာထွန်း [၉/မနမ(နိုင်) ၁၁၉၄၇၂]၊ ဦးနန္ဒာထွန်း [၉/မနမ(နိုင်) ၁၁၉၃၉၃]၊ ဦးအောင်သိခ် [၉/မနမ(နိုင်) ၁၁၉၃၀၅]တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ အရောင်းအဝယ်စာချုပ်နှင့် ခဲစင်းပြ စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန် ရပ်ကွက်၊ အကွက်အမှတ်(၈၃၆)၊ ဦးပိုင်အမှတ်(၇၀ ခဲစင်း တောင်ခြမ်း)၊ ၈၁လမ်း၊ ၄၂x၄၃လမ်းကြားရှိ ဦးဘရင်၊ ဒေါ်အေးကြည်၊ (သား) ကိုမောင်မောင်၊ မောင်ကိုကို၊ မောင်ကျော်ကျော်၊ မောင်ဇော်ဇော်ညီ အမည်ပေါက် ဘိုးဘ မြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ်(၁၅၅၆/၂၀၀၈)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်အေးကြည် [၉/မရမ (နိုင်)၀၁၆၉၄၅]၊ ဦးမောင်မောင် [၉/မရတ(နိုင်) ၀၁၆၉၆၂]၊ ဦးကျော်ကျော် [၉/မရတ(နိုင်) ၀၄၂၇၇၇]၊ ဦးဇော်ဇော်ညီ (MDYSE-၀၀၀၈၄၀)၊ ဒေါ်ဝိုင်းသက် [၉/မမန(နိုင်) ၀၂၀၂၂၅] တို့ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၂၃၄၈/၂၀၁၁) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စိုးစိုးဝင်း (MGN-၁၈၇၉၄၆)၊ [၉/မခန(နိုင်) ၀၄၈၂၆၉]က အမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၈၊ မြေကွက်အမှတ်-၂အီး/၃၊ အကျယ်အဝန်းဧရိယာ(၀.၂)ဧကရှိ ဦးသန်းထူးအမည်ပေါက် မြေပိုင်မြေ မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅၅၇/ဘီ)၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဦးသန်းထူး [၁၂/ကမရ (နိုင်)၀၄၄၇၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ်၊ Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၁၆)ခဲစင်း၊ ၅၀x၅၁ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရှန် [၉/မရတ(နိုင်)၀၇၁၄၉၅]၏ (SP ရရှိသူ ဦးချစ်ထွေး (ခ) မြတ်ကျော်) က အမှုတွဲအမှတ်(၀၂၄၅/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၁၆)ခဲစင်း၊ ၅၀x၅၁ကြား၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရှန် [၉/မရတ(နိုင်)၀၇၁၄၉၅]၏ (SPရရှိသူဦးချစ်ထွေး(ခ)မြတ်ကျော်) က အမှုတွဲအမှတ်(၀၂၄၄/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်အမှတ်(၁)၊ ၅၂ လမ်းနှင့် ၁၁၅ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နုနုလွင် [၁/ကမန(နိုင်)၀၀၉၀၄၉]၏ (SP ရရှိသူ ဦးဟန်ရှိန်)က အမှုတွဲအမှတ်(၀၂၄၆/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၈)၊ ဦးပိုင်အမှတ်(၅၅)၊ ၅၈x၅၉ ကြား၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းထွန်း [၉/အမဇ(နိုင်)၀၃၆၀၅၇]က အမှုတွဲအမှတ်(၀၂၅၈/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ဈ)၊ ဦးပိုင်အမှတ်(၄၀ )၊ ၇၁x၇၂ ကြား၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ချိန်ချွင်လန့်(ခ)မိုးမိုးဝင်း[၁၃/ကခန(နိုင်)၀၀၈၇၇၉]က အမှုတွဲအမှတ်(၀၂၄၈/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## “ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ ထပ်မံခေါ်ယူခြင်း”

(က) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ **“ဒုတိယအကြိမ်”** အိတ်ဖွင့်တင်ဒါ ထပ်မံခေါ်ယူအပ်ပါသည်-

၁။ ပြည်လမ်း Campus ရှိပထမနှစ် လက်တွေ့ စာသင်ခန်းများအား Team Base Learning ခန်းပြင်ခြင်း၊
Team Base Learning (1) အလျား ၁၀၆ပေ x အနံ၃၈ပေx အမြင့် ၁၄ပေ၊
Team Base Learning (2) အလျား ၁၂၄ပေ x အနံ၃၈ပေxအမြင့် ၁၄ပေ

၂။ ဒလအိမ်ရာ အဟောင်းများအား အကြီးစား ပြုပြင်မွမ်းမံခြင်း လုပ်ငန်း (၈) ခန်းတွဲ (၈၀ ပေ x ၃၀ ပေx၁၅ ပေ)x၄လုံး

၃။ စာသင်ဆောင် (A) (70' x 75' x16') အကြီးစားပြုပြင်ခြင်း

၄။ ရောဂါဗေဒဌာနရှိပြတိုက် နှင့် ဓာတ်ခွဲခန်း အကြီးစားပြုပြင်ခြင်း
- Pathology Museum (70’ x 32’ x18’)
- Pathology Lab (70' x 35' x18')

၅။ ပြည်လမ်း Campus တွင် မြေယာရှုခင်းပြုပြင်ခြင်း (20000 Sqft)

(ခ) အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ( ၂၆ - ၅-၂၀၂၆)ရက်နေ့၊ နံနက် (၉:၃၀)နာရီ
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၈-၆-၂၀၂၆)ရက်နေ့၊ ညနေ (၁၆:၃၀)နာရီ
တင်ဒါဖွင့်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်။
တင်ဒါပုံစံရောင်းချမည့်နေရာ -အမှတ်-၂၄၅၊ မြို့မကျောင်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်။

(ဂ) အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း- ၀၉-၄၂၄၀၃၀၄၈၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၁၁၈၉)၊ ဂမုန်းပွင့်လမ်း၊ (၁၃၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၁၈၉)၊ ဧရိယာ (၄၀ x ၆၀)ပေ၊ အကျယ်အဝန်းရှိ ပါမစ်မြေကွက်သည် ဦးတင်လှိုင် [၁၂/ဒလန(နိုင်)၀၁၈၆၅၅] အမည်ပေါက်ဖြစ်ပြီး၊ အဆိုပါမြေကွက်ထဲမှ (၂၀'x၆၀') အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကိုမြေ အမည်ပေါက်ထံမှ ယခုရောင်းသူ ဦးဆန်းဦး[၁၂/ဥကတ(နိုင်)၀၈၂၀၈၇]က အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘောဘီ**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၇၉၁ )**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(သကတ-၁)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၅၇၈/ခ)၊ ဗိုလ်အောင်ကျော်လမ်းဟုခေါ်တွင်သော ပေအကျယ် (၂၀x၆၀)ပေ၊ ဧရိယာ (၀.၀၂၇)ဧက၊ ဒေါ်အေးအေးသက် ဂရန်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက် ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကိုမင်း[၁၂/လသယ(နိုင်)၀၄၀၆၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောထွန်းလှိုင်[၅/မရန(နိုင်)၀၀၃၆၃၂]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်း အထောက်အထား (ဂရန်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊အောင်မြေသာယာ ShopHouse (၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း ၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀ ၄၃၁၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ၉-လမ်းသွယ်၊ မြေကွက်အမှတ်(၇၄၈)ဟုခေါ်တွင်သော အကျယ်အဝန်း (ပေ၄၀x ၆၀ပေ)ရှိမြေကွက်ထဲမှလမ်းအားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း(၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့်ကျန်မြေအပို အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဒေါ်ဟံ့ငွေး [၁၂/သဃက(နိုင်)၁၈၀၀၇၂]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်ပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုမာအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၄၆)**
**အမှတ်(၆၈)၊ နှင်းဆီလမ်းနှင့်ကျောင်းလမ်းထောင့်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၁၈၅၃၉၀၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦသုတေသနဌာနခွဲ၊ ပုံထုတ်/ခန့်မှန်းသုတေသနဌာနခွဲမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦဦးစီးဌာနအတွက် လိုအပ်သော မြို့ပြလုပ်ငန်းဆိုင်ရာဓာတ်ခွဲခန်းသုံးပစ္စည်း(၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၇-၅-၂၀၂၆ ရက်နေ့

၃။ တင်ဒါပုံစံ အရောင်းပိတ်မည့်ရက် - ၁၀-၆-၂၀၂၆ ရက်နေ့ (၁၃:၀၀)နာရီ အထိ

၄။ တင်ဒါပုံစံ (ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် စံချိန်စံညွှန်းများ) တင်သွင်းရမည့် နောက်ဆုံးရက် (Technical အောင်မြင်သည့် လုပ်ငန်းရှင်များကိုသာ ဆက်သွယ်၍ ဈေးနှုန်းတင်သွင်းလွှာများကို ဖွင့်ဖောက် ရွေးချယ်သွားမည် ဖြစ်ပါသည်။) - ၁၁-၆-၂၀၂၆ ရက်နေ့ (၁၃:၀၀)နာရီအထိ

၅။ တင်ဒါဈေးနှုန်းတင်သွင်းလွှာ ဖွင့်ဖောက်မည့်ရက် -ထပ်မံအကြောင်းကြားပေးပါမည်။

၆။ တင်ဒါဈေးနှုန်းတင်သွင်းလွှာ ဖွင့်ဖောက်မည့်နေရာ - အဆောက်အဦဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်

၇။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၅-၂၀၂၆ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အဦဦးစီးဌာန၊ ပုံထုတ်ခန့်မှန်းသုတေသနဌာနခွဲ**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**
**ရုံးဖုန်း -၀၆၇၃၄၀၇၀၄၂၊ ၀၉၇၆၅၂၃၃၅၀၉**

## “ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ (၁၃) လမ်း၊ အမှတ်(၂၈၂)၊ (၅လွှာ/ဘီ)၊ (အလျား၁၂ပေခွဲxအနံ၆၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်ဖြစ်သူ ဦးဇော်ဝင်းအောင် [၁၂/မဘန(နိုင်)၁၁၈၂၃၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယခု အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၅)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွင်ဦး (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၃၅)**
**အမှတ်(၁၀၇)၊ မြေညီ/ဘီ၊ သဘော်ကျင်း(၉)လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။ ဖုန်း- ၀၉-၅၀၅၀၇၉၉**

## ဦးသန့်ဇင်အေး(ခ)မုဟမ္မဒ်အီစာ
## (ဘ-ဦးသန်းလှအေး) မှသိစေရန်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ရန်အောင်လမ်းနေ မမေသူဇာဖြိုးလွင် (ခ) လိုင်လာဂျန်ဘီ [၁၀/ဘလန(နိုင်)၁၁၉၅၇၈]ကိုင်ဆောင်သူမှ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၌ အိမ်ထောင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အပြီးအပြတ်ကွာရှင်းပေးပါရန် လျှောက်ထားလာပါသဖြင့် လျှောက်ထား ခြင်းခံရသူ မွန်ပြည်နယ်၊ ဘီးလင်း မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဂျပန်ကုန်းနေ သန့်ဇင်အေး (ခ)မုဟမ္မဒ် အီစာအနေဖြင့် လာရောက် ဖြေရှင်းနိုင်ရန်အတွက် အောက်ပါအတိုင်း လူကြီးမင်းအား ဆင့်ခေါ်ချိန်းဆို ဖိတ်ကြားအပ်ပါသည်။ အကယ်၍ ချိန်းဆိုသည့်နေ့ရက်တွင် လူကြီးမင်းအနေဖြင့် လာရောက်ဖြေရှင်း ဆောင်ရွက်ခြင်း မရှိပါက လျှောက်ထားစာအပေါ် ကွာရှင်းမှုအား တရားတော်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည့် အကြောင်းကို တစ်ပါတည်း သိစေအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၂၀၂၆ခုနှစ်၊ ဇွန်လ (၅) ရက် (သောကြာနေ့) |
| အချိန် | - | မွန်းလွဲ(၂) နာရီ |
| နေရာ | - | အမှတ် (၁၉၅)၊ ဒုတိယထပ်၊ (၃၃)လမ်းအထက်၊ အမှတ် (၁) ရပ်ကွက် ၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ဟာဂျီ ဦးချစ်ဆွေ B.A (History)**
**အထွေထွေအတွင်းရေးမှူးချုပ်**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**၀၉-၂၅၄၁၃၃၅၈၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ(၂) လမ်းအနောက်၊ အမှတ်(၆၄/က)နေ ဦးဇေယျာဖြိုး(ဘ)ဦးလှရွှေ [၁၂/ဒဂတ(နိုင်) ၀၄၄၈၂၈]နှင့် ဒေါ်ပန်းအိလွင်(ဘ) ဦးသန့်လွင် [၇/မလန(နိုင်)၁၀၁၃၀၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇေယျာဖြိုးနှင့် ဒေါ်ပန်းအိလွင်တို့ ဇနီးမောင်နှံသည် (၁၉-၅-၂၀၁၂) ခုနှစ်ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသမီး(၂)ဦးထွန်းကားခဲ့ပြီး မိသားစုနှင့်အတူ ချစ်ခင်စွာ ယနေ့ထက်တိုင် နေထိုင်လျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့ မိသားစုနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာ (Social Media) တွင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်တွင်ဖြစ်စေ၊ စီးပွားရေးလုပ်ကိုင်သည့် လုပ်ငန်းခွင်တွင်ဖြစ်စေ၊ နေထိုင်ရာနေရာတွင်ဖြစ်စေ၊ လူမှုရေးကိစ္စရပ်များတွင်ဖြစ်စေ အများပြည်သူ အထင်အမြင်လွဲမှားစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အရှက်ရစေရန်အလို့ငှာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တစ်ဦးတစ်ယောက်ကဖြစ်စေ(သို့မဟုတ်) အုပ်စုဖွဲ့၍ဖြစ်စေ တိုက်ခိုက်ခြင်း၊ မဟုတ်မမှန်စွပ်စွဲ ပြောဆိုခြင်း၊ ဆဲဆိုခြင်း၊ ရေးသားခြင်းများအစရှိသည်တို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မျိုးအောင် LLB, M.A(Master in Business Law), D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၃၆၉/၁၇-၅-၂၀၁၈)**
**အမှတ်(၁၆၇)၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၉-၂၆၃၈၄၀၅၅၈၊ ၀၉-၇၉၈၁၅၄၇၆၆**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါသတ္တုများအား ဒေသအလိုက်၊ Lot အလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No. | သတ္တုအမျိုးအစား | အလေးချိန် (မက်/တန်) | Ex Work | တင်ဒါပိတ်မည့် နေ့ရက်/ အချိန် |
|---|---|---|---|---|---|
| ၁ | Lot-1 | ခဲမဖြူသတ္တုသန့်စင် | ၄.၉၂၀ | ထားဝယ် | ၉-၆-၂၀၂၆ (၁၂:၀၀)နာရီ |
| ၂ | Lot-2 | ခဲမဖြူသတ္တုသန့်စင် | ၁၄.၇၆၀ | မြိတ် | |
| ၃ | Lot-3 | ခဲမဖြူသတ္တုသန့်စင် | ၁၄.၁၀၄ | မြိတ် | |
| ၄ | Lot-4 | ခဲမဖြူသတ္တုသန့်စင် | ၁၃.၂၄၈ | မြိတ် | |
| ၅ | Lot-5 | ခဲမဖြူသတ္တုသန့်စင် | ၃.၄၈၀ | တာချီလိတ် | |
| ၆ | Lot-6 | ခဲ/ဖြိုက်ရောရာသတ္တုသန့်စင် | ၉.၈၄၀ | မြိတ် | |
| ၇ | Lot-7 | ခဲ/ဖြိုက်ရောရာသတ္တုသန့်စင် | ၆.၉၆၀ | တာချီလိတ် | |
| ၈ | Lot-8 | ခဲမဖြူသတ္တု(ဖမ်းဆီး) | ၁၇.၄၃၁ | မြိတ် | |
| ၉ | Lot-9 | ခဲမဖြူသတ္တု(ဖမ်းဆီး) | ၅.၀၉၈ | မြိတ် | |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)ဘီ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၉၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာ ၊ အကွက်အမှတ်(G-16)၊ မြေဧရိယာ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ရှိသော မြေကွက်နှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်ယဉ်မြိုင် အမည်ပေါက်ဖြစ်ပြီး အဆက်စပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ရာ ယခုအခါ ဦးအောင်နိုင်ဝင်း [၇/လပတ(နိုင်)၁၄၄၁၈၅] သည် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိ၍ ပြန်လည်ရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးဟိန်းထက်ဇော်[၁၂/မဂတ(နိုင်) ၁၀၀၁၈၇] မှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဝယ်ယူရာတွင် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများကို ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ပြသကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းထက်ဇော်[၁၂/မဂတ(နိုင်) ၁၀၀၁၈၇] ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျော့ကျော့ဦး(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၃၅၆)**
**အမှတ်(၄၇၄)၊ တတိယထပ်(၄လွှာ)၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၆၇၉၆၂၈၆၄၅**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၈၃)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(-)၊မြေကွက်အမှတ်-(၂၈၃)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား**

## အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အဦ အပါအဝင်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိမြေစာရင်းမှတ်တမ်းတွင်ဒေါ်မာမာဝေ (MYGN-၀၃၀၆၁၈)၏ အမည်ဖြင့်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိအမည်ပေါက်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး(၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲမေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၇)**
**အမှတ်(၂၄/အေ)၊ ပြည်ရိပ်မွန်လမ်းသွယ်၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၀၇၀၄၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၀၃၄)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးစိုးဝင်း(AA-၀၈၁၃၉၈) [၁၂/ပဇတ(နိုင်)၀၂၂၀၉၃] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ကွယ်လွန်၍ ဇနီးဒေါ်ညွှန့်ရွှေ[၁၂/ပဇတ(နိုင်)၀၂၂၉၂၉]ထံမှ ဒေါ်ခင်ဝါဝါ [၁၂/ဥကမ(နိုင်)၁၆၄၈၀၅]မှ အဆင့်ဆင့် ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးမိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၁၉၆၅)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးသန့်ဇင်(HZA-၁၉၁၁၃၇) အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ ဒေါ်နှင်းကြည်[၁၂/လမန(နိုင်)၀၅၀၅၂၅]သည် နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

❖ နိုင်ငံတော် ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

(၁) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး
နေပြည်တော်

(၂) ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့လွှတ်တော်ရုံး
နေပြည်တော်

(၃) ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး
နေပြည်တော်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအား တွေ့ဆုံအမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၆)၊ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)တို့မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား နေပြည်တော် ဇေယျာသီရိဗိမာန်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများတက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒

## ကိုမိုအသင်း ချန်ပီယံလိဂ်ပထမဆုံးဝင်ခွင့်ရ

၂၀၂၅-၂၀၂၆ ဘောလုံးရာသီရဲ့ အီတလီစီးရီးအေပြိုင်ပွဲနောက်ဆုံးပွဲစဉ်တွေကို မေ ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားပြီးနောက် နည်းပြဖာဘရီဂတ်ရဲ့ ကိုမိုအသင်းဟာ အသင်းရဲ့သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပြီး အေစီမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ကတော့ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❂

## ယနေ့ မိုးလေဝသ (၂၆-၅-၂၀၂၆)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။
ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း ၂၇၁၇ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၃၇၈ ကျောင်းတို့၌ ကျောင်းဖွင့်ရာသီစတင်ချိန် ကျောင်းသား ကျောင်းသူများ လာရောက်အပ်နှံ

ရန်ကုန် မေ ၂၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်ရာသီ စတင်ချိန်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ၂၇၁၇ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၃၇၈ ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူများ လာရောက်အပ်နှံလျက်ရှိသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံမှုသီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားပြီး ဇွန် ၁ ရက်နေ့တွင် အခြေခံပညာကျောင်းများ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍



ယနေ့ ဖတ်စရာ

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

စာမျက်နှာ » ၁၂

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ စနစ်တကျထပ်မံဖြိုချဖျက်ဆီး

စာမျက်နှာ » ၁၅